# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၂) ရက် ၊ စနေနေ့ ၊ (7-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများကို တွေ့ဆုံလမ်းညွှန်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ခမ်းနားစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းတွင် ဖျောက်ဖျက်မရနိုင်သည့် မှတ်ကျောက်တစ်ရပ်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်၏ မေတ္တာ၊ စေတနာကြောင့် ပြစ်ဒဏ်များလွတ်ငြိမ်းချမ်းသာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ (၇၀၁၂) ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုလိုက်သည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ်၊ ၁/၂၀၂၃ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ကို စိန်ရတုလွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် မှတ်မှတ်ထင်ထင်ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရသည်။

ယခုလို မိမိနိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းစေရန်အတွက် ရည်ရွယ်၍ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်တို့ပြုခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသားအသီးသီးကို ကျူးလွန်ခဲ့သည့်ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်မှုများ ချမှတ်ခဲ့သော်လည်း အကျဉ်းထောင်၊ အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးနှင့် အခြားရသင့်သည့်လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်စွာဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ယခုလို ပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာပျော်ရွှင်စွာ ဘဝသစ်စတင်ရန် အားမာန်အပြည့်ဖြင့် ထောင်ဘူးဝမှ ထွက်လာကြသူတို့၏ ကြည်နူးပျော်ရွှင်နေသောမြင်ကွင်း၊ လာရောက်ကြိုဆိုကြသည့် မိဘဆွေမျိုးမိသားစုဝင်များ၏ နွေးထွေးပျူငှာဝမ်းပန်းတသာဖြင့် ကြိုဆိုနေကြသည့်မြင်ကွင်းမှာ မြင်ရသူအဖို့ နိုင်ငံတော်၏ မေတ္တာ၊ စေတနာကြောင့် ပီတိမျက်ရည်ဖြာရပေသည်။

ယခုကဲ့သို့ လွတ်ငြိမ်းခွင့်ပြုခဲ့သောကြောင့် လူကောင်းဘဝအကျိုး ပြစ်မှုကျူးလွန်ခြင်းမရှိတော့သဖြင့် စိတ်သန့်ရှင်းစွာ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်နိုင်မည်ဖြစ်သလို ရိုးသားဖြောင့်မတ်စွာဖြင့် သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း ဝင်ဆံ့နိုင်မည်ဖြစ်ပြီး လူအများနှင့်လက်တွဲကာ ကောင်းကျိုးများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခင်အတိတ်က ပြစ်မှုကျူးလွန်ခဲ့သဖြင့် ခံစားခဲ့ရသော စိတ်ဆင်းရဲပင်ပန်းမှု၊ ခက်ခဲပင်ပန်းစွာ ပြစ်ဒဏ်ကျခံရမှုတို့ကို ဆင်ခြင်သုံးသပ်၍ မိမိကဲ့သို့မဖြစ်စေရန် နောင်လာနောက်သား လူငယ်များကို အသိအမြင်အတွေ့အကြုံများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်သည်။ ပြစ်မှုကြွေးကို ပေးဆပ်ခဲ့ပြီးဖြစ်သဖြင့် ရှေ့အနာဂတ်ကို ကောင်းမွန်စွာဖြတ်ကျော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လွတ်ငြိမ်းခွင့်ရရှိသူများအနေဖြင့် အတိတ်ကာလက ပြုမိခဲ့သော၊ မှားမိခဲ့သော မိမိတို့၏ အမှားများကို သင်ခန်းစာယူကာ ဘဝကို ပြန်လည်စတင်ကြရမည်ဖြစ်သည်။ သို့မှသာ အနာဂတ်ဘဝ လှလှပပ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခဲ့ပြီးဖြစ်သော ပြည်သူအပေါင်းတို့သည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာတို့ကို အသိအမှတ်ပြု တန်ဖိုးထားပြီး နိုင်ငံတော်ကို ကျေးဇူးတုံ့ပြန်သောအားဖြင့် အတိတ်ဖြစ်ရပ်အမှားများကို ဖျောက်ဖျက်ကာ ရှေ့သို့ချီမည်ပန်းတိုင်ဆီဟူသည့် စိတ်ခွန်အားဖြင့် ဘဝသစ်ကိုပြန်လည်စတင်နိုင်ပြီး နိုင်ငံ့အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးစားရွက်ဆောင်သယ်ပိုးနိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

# တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များပေါ်ထွက်ရေး စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းအမျိုးအမည် ၇၇၈ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထား



**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များ ပေါ်ထွက်ရေးအတွက် စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းအမျိုးအမည် ၇၇၈ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း ပြုလုပ်နေသူများကို ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရန်နှင့် ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိစေရန်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ထုတ်ကုန်ပစ္စည်းတွေကို စမ်းသပ်ပေးရာမှာ ဓာတ်ခွဲစမ်းသပ်မှု နှစ်မျိုးနဲ့ ဆောင်ရွက်ပါတယ်။ အခုလက်ရှိမှာ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ အဏုဇီဝဓာတ်ခွဲစမ်းသပ်ပေးခြင်းနဲ့ ကုန်ပစ္စည်းအမျိုးအမည် ၇၇၈ ခုကို ဓာတ်ခွဲစမ်းသပ်ပြီး ခွင့်ပြုပေးထားပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမဲ့ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှုမဖြစ်မနေ ပြုလုပ်ရပါတယ်။ အိမ်တွင်းစက်မှုလုပ်ငန်းတွေ စားသောက်ကုန်၊ လူသုံးကုန်တွေကို အများပြည်သူတွေ အများဆုံးသုံးစွဲစားသုံးကြတာကြောင့် ထုတ်ကုန်တွေကိုဓာတ်ခွဲစမ်းသပ်ပေးပါတယ်။ ဓာတုပစ္စည်းပါဝင်မှုတွေ၊ အဏုဇီဝပိုးမွှားပါဝင်မှုတွေကို စမ်းသပ်စစ်ဆေးရတာပါ။ စားသုံးသူပြည်သူတွေ အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးပါတယ်"ဟု ဦးဝင်းဇိုလ်က ပြောပြသည်။

ယခုဘဏ္ဍာနှစ်တွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည်အခုရေ ၆၀၀ ကျော်ကို လျာထားဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ရာ လက်ရှိအချိန်ထိ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးအမည် ၃၈၈ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးအမည်အခုရေ ၃၉၀ စုစုပေါင်းကုန်ပစ္စည်းအမျိုးအမည် ၇၇၈ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထားပြီးဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး မြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် ဝယ်လက်များ ပျောက်နေမှုကြောင့် တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေဆဲဖြစ်သော်လည်း တန်ဖိုးသင့် နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များ အရောင်းအဝယ်ပြန်ရှိလာကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေသည့် အကွက်ရိုက် မြေကွက်များလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

"အခုရက်ပိုင်းအတွင်း ဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်မဲ့သူတွေလဲ ပြန်ဝင်လာတယ်လို့ ပြောရမှာပေါ့။ ရင်းနှီးမြှုပ်နှံမှု ကြီးမားတဲ့ ဝယ်လက်မျိုးတွေတော့ မဟုတ်ဘူးပေါ့။ အရင်လတွေထက် ဒီလပိုင်းထဲမှာ မြို့တွင်းပိုင်း အိမ်ပါတဲ့မြေတွေကို မေးမြန်းစုံစမ်းတာတွေများလာတယ်။ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေကတော့ ဝယ်လိုအားအများဆုံးပါ"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းကပြောပြသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက် မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်း၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေဈေးကွက် အေးနေဆဲဖြစ်ပြီး မြို့သစ်ရပ်ကွက် လမ်းမတန်းမြေကွက်များမှာ မီး၊ ရေ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုများအပေါ် မူတည်၍ ငွေကျပ်သိန်းထောင်ကြီးပိုင်းထိ ဈေးပေါက်လျက်ရှိကြောင်း၊ ကြားကွက်များတွင် ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်ထိ ဈေးရှိကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ်နှစ်သိန်းခန့် ဈေးတန်းရှိ လူနေဆိုင်ခန်းများ၊ လုံးချင်းနေအိမ်များအပြင် ငွေကျပ်ခုနစ်သောင်းခန့် ဈေးတန်းရှိ အခန်းများကို အခြေခံလူတန်းစားများ ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်ရှိကြောင်း ဦးအေးဝင်းထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ပေါက်ဈေးရှိနေ

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ဇန်နဝါရီ ၁ ရက်မှစ၍ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ထိုသို့ ရှမ်းပြည်နယ်ဘက်မှအများဆုံးထွက်ရှိသည့် ပြောင်းဖူး(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း ရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အတွင်းမှာ အခုလတ်တလော ရှမ်းပြည်နယ်က အသစ်ဝင်လာတဲ့ ပြောင်းဖူး(ရှမ်း)တွေတော့ မရှိသေးပါဘူး။ လက်ကျန်ပြောင်းဖူး(ရှမ်း)တွေကို ဝယ်ယူမှုတော်တော်လေးများလာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ နောက်ဆုံးပတ်က ပြောင်းဖူး(ရှမ်း)ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ သာ ရှိခဲ့သော်လည်း ဇန်နဝါရီ ၅ ရက်ပေါက်ဈေးအရ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(CP)ဈေးနှုန်းမှာ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀၊ ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကလေးခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ဧက ၁၇၈၅၅၀ ရိတ်သိမ်းပြီးစီး

**ကလေး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးဧက ၁၇၈၅၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးဧက ၁၇၈၅၅၀ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ မိုးစပါးများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကလေးခရိုင်မှာ မိုးစပါးဧကတစ်သိန်းကျော် စိုက်ပျိုးထားတယ်။ အခုလက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးနေပြီ။ တစ်ဧကကို ပျမ်းမျှ ၈၅ တင်းထွက်ရှိခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ စိုက်ပျိုးဖို့၊ စိုက်ပျိုးစနစ်တွေ မှန်ကန်စေဖို့အတွက် ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်အတွင်း ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ဒီဇင်ဘာလမှစတင်၍ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးဧက ၁၇၈၅၅၀ ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကလျှင် ပျမ်းမျှ ၈၅ တင်းထွက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကလေးခရိုင်တွင် စိုက်ပျိုးထားသော မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးဝမြို့နယ်တွင် ၁၆၆၈၈ ဧက၊ ကလေးမြို့နယ်တွင် ၁၂၈၅၂ ဧက၊ မင်းကင်းမြို့နယ်တွင် ဧက ၃၃၃၁၀ တို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်တွင် ယာယီရပ်ထားခဲ့သည့် ငါးပြေမမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေ



**ဘိုကလေး ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ယာယီရပ်ထားခဲ့သည့် ငါးပြေမမွေးမြူရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်း ဘိုကလေးမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေး တာဝန်ခံ ဒေါ်ချယ်ရီက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ဈေးကွက်ပျက်ခဲ့ရသည့်အတွက် ငါးပြေမမွေးမြူရေးလုပ်ငန်းများကို ယာယီရပ်နားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ယာယီရပ်နားခဲ့သည့် ငါးပြေမမွေးမြူသည့် လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင်၍ ပြန်လည်လုပ်ကိုင်မွေးမြူနေပြီဖြစ်ကြောင်း သိရသည်။

"လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကလဲ လျော့ကျလာပါပြီဖြစ်တာရယ်၊ ငါးပြေမဈေးကွက်ပြန်ပွင့်လာတာရယ်ကြောင့် ပြန်လည်မွေးမြူလာကြတာ ဖြစ်ပါတယ်။ ငါးအစာအိတ် ဈေးကလဲ ပြန်လည်ကျဆင်းလာပြီလို့ သိရပါတယ်။ လက်ရှိ ငါးပြေမဈေးက တစ်ပိဿာကို ငွေကျပ် ၈၀၀၀ ထိ ဈေးပေါက်နေပါတယ်။ အခုဒေသမှာ မွေးတဲ့ ငါးပြေမအမျိုးအစားက နှစ်လခွဲ ဒါမှမဟုတ် အများဆုံး သုံးလပဲမွေးရတဲ့ ငါးအမျိုးအစား ဖြစ်ပါတယ်။"ဟု ဘိုကလေးမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဒေါ်ချယ်ရီက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ယာယီရပ်နားခဲ့သည့်ငါးပြေမမွေးမြူရေးလုပ်ငန်းရှင် ၃၁ ဦးအနက် ၂၉ ဦးက လုပ်ငန်းများပြန်လည်လုပ်ကိုင်နေကြောင်း၊ အဆိုပါမွေးမြူရေး ငါးပြေမကို အနည်းဆုံးကောင် ရေ ၅၀၀၀ မွေးမြူမည်ဆိုပါက ၁၅ ပေပတ်လည်ရှိ မြေနေရာလွတ်ဖြင့် မွေးမြူရမည်ဖြစ်ကြောင်း၊ ငါးကန်အမြင့်သည် အနည်းဆုံး သုံးပေခွဲခန့်ထိရှိရမည်ဖြစ်ပြီး ကန်အတွင်း ရေပမာဏမှာ ငါးအရွယ်အစား အပေါ်မူတည်၍ ငယ်သည့်အရွယ် စတင်မွေးမြူချိန်တွင် ၁၀ လက်မ၊ အလယ်အလတ်အရွယ်တွင် တစ်ပေထည့်ပြီးသည့် နောက်ပိုင်း တစ်ပေခွဲခန့်ထိသာနောက်ဆုံးထည့်ရမည်ဖြစ်ကြောင်း၊ အဆိုပါ မွေးမြူရေးငါးပြေမသားပေါက်တစ်ကောင်လျှင် ငွေကျပ် ၄၀ ဖြင့် ဝယ်ယူမွေးမြူကြပြီး ထွက်ရှိလာသည့် ငါးပြေမများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ တန် ၃၀ ကျ ဆန်စက်လည်ပတ်နေမှု စစ်ဆေး

**မိုင်းယောင်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာတွင် တန် ၃၀ ကျ ဆန်စက်လည်ပတ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းယောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ် ယမ်းခမ်းကျေးရွာနှင့် ကုက္ကိုလ်ကျေးရွာတို့တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၀၀၊ တော်ဝင်မိုင်းယောင်း သမဝါယမ အသင်းစုများ၏ မတည်ငွေများဖြင့် ဆန်စက်တည်ဆောက်ထားရှိမှုနှင့် စပါးကုန်ကြမ်းများကို ကြိတ်ခွဲ၍ ဆန်ကုန်ချောအဖြစ် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။ **ရှိုသန်းညွန့်**

# မိုးမိတ်မြို့နယ် သရက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၁ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၄၆၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၁ ဒသမ ၃၅၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ထုံးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ထုံးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထုံးအိုင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုး လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၁ ဒသမ ၃၅၃ သန်းဖြင့် မိုးထက်တိမ်လွှာကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ထုံးအိုင်ကျေးရွာရှိ အိမ်ခြေ ၁၀၃၂ အိမ်၊ လူ ၅၈၃၃ ဦးတို့၏ စိုက်ပျိုးမြေ ၄၁၅ ဧကမှထွက်ရှိသော ဆီထွက်သီးနှံများ၊ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ပြောပြ၍ သိရသည်။

**သုသု**



# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၂၆၇၉ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၂၆၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကုလားပဲ ၆၃၈၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိကုလားပဲ ၃၂၆၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းကုလားပဲသီးနှံ စိုက်ပျိုးမှုတိုးလာသလို အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ဆောင်းကာလမှာ ကုလားပဲဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကုလားပဲ ဧက ၃၀၀၀၀ ကျော်စိုက်ပြီးပါပြီ။ လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ကုလားပဲ ၉၀၉ ဧက၊ ခင်ဦးမြို့နယ်တွင် ကုလားပဲ ၁၅၂၅ ဧက၊ ဝက်လက်မြို့နယ်တွင် ကုလားပဲဧက ၃၀၁၅၀၊ ကျောက်မြောင်းမြို့တွင် ကုလားပဲ ၉၅ ဧက စုစုပေါင်း ကုလားပဲ ၃၂၆၇၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကာ တစ်ဧကလျှင် ကုလားပဲ ၁၉ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများပေးခြင်းကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)



# မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧကများမှ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ပင်းဘောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ ရက်ကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသီဟဇော်၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းနှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများက ပင်းဘောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ ဦးသီဟဇော်က ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပင်းဘောကျေးရွာ၌ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၇ ဒသမ ဝ၈ သန်းဖြင့် လမ်းအရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်းနှင့် အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၈ ပေရှိ အုတ်ခုံ ခံ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို House 99 ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။

**ချမ်းဦးကို**

# အမေ့ဂုဏ်ရည်

\- လပေါင်းတစ်ဆယ် ရင်နဲ့လွယ်၍
ရှောင်ဖွယ်ရာများ
ဆင်ခြင်အား
ချစ်သား မြတ်မေမေ။

\- အသက်ရင်းကာ မွေးဖွားလာတော့
ရင်မှာပိုက်ထွေး
နို့ချိုကျွေး
အိုအေး တေးသံခြွေ။

\- စားဝတ်နေထိုင် အခြေခိုင်အောင်
ပိုင်နိုင်ညွှန်ပြ
ဆိုဆုံးမ
သားလှလိမ္မာစေ။

\- လောကတာဝန် ဘဝမွန်ဖို့
ထူးချွန်စေအား
ကျောင်းသို့ထား
ချစ်သား မြတ်ပါစေ။

\- သားအတွက်သာ ဖြည့်ဆည်းကာဖြင့်
သူသာဖို့ရေး
ထည့်မတွေး
အပေး သက်သက်နေ။

\- အသက်ကြီးလာ သားပေါ်မှာဝယ်
ငယ်ခါလိုမျိုး
ဆထက်တိုး
မြတ်နိုးတတ်ပါပေ။

\- သားမြတ်ဖို့ရာ သူနိုင်တာနဲ့
ရှက်ကာသယ်မှန်း
မပင်ပန်း
ရွှင်လန်း အပြုံးဝေ။

\- အမေ့မေတ္တာ ဂုဏ်ဖြာဖြာကို
မှန်းကာရည်စူး
မြဲဖော်ကျူး
တောင်ဦး မြင်းမိုရ်ပေ။

\- အမေ့သည်းမြွာ မျှားသူငါတို့
မေတ္တာဂုဏ်မျိုး
စဉ်ရိုကျိုး
သယ်ပိုးဆပ်ပါလေ။

\- အမေ့ဂုဏ်ရည် ဦးထိပ်တည်လို့
ရွှင်ကြည်မြတ်နိုး
လက်စုံမိုး
ရှိခိုးမိပါပေ။ ။

**လွမ်းလေးကို(သရက်)**

# နိုင်ငံတကာ သတင်းများ

## ဆိုက်ပရက်သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၁၄ ဦး ပါဝင်ယှဉ်ပြိုင်မည်

**နီကိုရှား ဇန်နဝါရီ ၆**

ဆိုက်ပရက်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများသည် ဇန်နဝါရီ ၅ ရက်တွင် သမ္မတလောင်းများအဖြစ် တရားဝင်မှတ်ပုံတင်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ကျင်းပမည့် ဆိုက်ပရက် သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်း ၁၄ ဦးထိ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ ဆိုက်ပရက်နိုင်ငံခြားရေး ဝန်ကြီးဟောင်း နီကော့ဒ်ခရစ္စတိုဒိုလီဒပ်စ်မှာ အဆိုပါရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာကောင်းနေကြောင်း သိရသည်။

ဆိုက်ပရက် ရွေးကောက်ပွဲ ပထမအကျော့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အနိုင်အရှုံးရလဒ် မပြတ်သားခဲ့ပါက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲ ထပ်မံကျင်းပမည်ဖြစ်သည်။

ဆိုက်ပရက်သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၅၆၁၀၀၀ တို့က သမ္မတသစ်ကို ရွေးချယ်ပေးမည်ဖြစ်သည်။

ဆိုက်ပရက်နိုင်ငံသည် သမ္မတဦးဆောင်သည့် အစိုးရအဖွဲ့စနစ်ကျင့်သုံးပြီး သမ္မတကို နိုင်ငံတော်အကြီးအကဲအဖြစ် အုပ်ချုပ်ရေးအာဏာကျယ်ကျယ်ပြန့်ပြန့်အပ်နှင်းထားကြောင်း သိရသည်။ KKO



## အော်သိုဒေါ့ခရစ္စမတ်ပွဲအတွက် ယူကရိန်း၌ ၃၆ နာရီ အပစ်ရပ်ရန် သမ္မတပူတင်ညွှန်ကြား

**မော်စကို ဇန်နဝါရီ ၆**

အော်သိုဒေါ့ခရစ်ယာန်ဘာသာဝင်များ၏ ခရစ္စမတ်ပွဲတော်အတွက် ယူကရိန်းရှေ့တန်းမျဉ်းတစ်လျှောက် ၃၆ နာရီကြာ အပစ်အခတ်ရပ်စဲထားရန် ရုရှားသမ္မတ ပူတင်က ရုရှားကာကွယ်ရေး ဝန်ကြီးဌာနကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ဖော်ပြခဲ့သည်။

ယူကရိန်း ရှေ့တန်းမျဉ်းတစ်လျှောက်၌ ယနေ့မှစ၍ ၇ ရက်ထိ အပစ်အခတ်ရပ်စဲထားရန် သမ္မတပူတင်က ကာကွယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားထားကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

အော်သိုဒေါ့ခရစ်ယာန်သာသနာပိုင်၏ မေတ္တာရပ်ခံချက်အရ အော်သိုဒေါ့ ခရစ်ယာန်ဘာသာဝင်များ၏ ခရစ္စမတ်ကာလအတွက် ယူကရိန်းရှေ့တန်း နယ်စပ်တစ်လျှောက်၌ အပစ် အခတ်ရပ်စဲထားရန် ကာကွယ်ရေးဝန်ကြီးဌာနကို မိမိညွှန်ကြားထားကြောင်း ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် သမ္မတပူတင်၏ အမိန့်စာ၌ ဖော်ပြထားသည်။

ရုရှားနှင့်ယူကရိန်းရှိ အော်သိုဒေါ့ ခရစ်ယာန်များအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အော်သိုဒေါ့ခရစ်ယာန်များသည် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ခရစ္စမတ်ပွဲကျင်းပလေ့ရှိသည်။

ရုရှားသမ္မတ ပူတင်ကြေညာထားသည့် ၃၆ နာရီ အပစ်အခတ်ရပ်စဲရေးအစီအစဉ်သည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးရယူမည့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်း စစ်ဆင်ရေးများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ဆီးရီးယားသမ္မတနှင့် ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ဒမတ်စကတ်မြို့၌ တွေ့ဆုံဆွေးနွေး



**ဒမတ်စကတ် ဇန်နဝါရီ ၆**

ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အာဆတ်သည် ဇန်နဝါရီ ၄ ရက်က အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အက်ဘ်ဒူလာ ဘင်ဇာယက် နာယန်းနှင့် ဒမတ်စကတ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဆီးရီးယားသမ္မတနှင့် ယူအေအီးနိုင်ငံခြားရေးဝန်ကြီးတို့သည် ဆီးရီးယားပြည်တွင်းရေးအခြေအနေများနှင့် အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇန်နဝါရီ ၄ ရက်ဆွေးနွေးပွဲသည် ဆီးရီးယားနိုင်ငံနှင့်ယူအေအီးနိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးလာမှုလက္ခဏာ ဖြစ်သည်။

ဆီးရီးယားပြည်တွင်းစစ်အတွက် နိုင်ငံရေးအရအဖြေရှာရေးကို မိမိတို့ ထောက်ခံကြောင်း ဆီးရီးယားသမ္မတ အာဆတ်နှင့် တွေ့ဆုံစဉ် ယူအေအီးနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ယူအေအီးနိုင်ငံသည် ၁၀ နှစ်ကျော်ကြာ ဆီးရီးယားပြည်တွင်းစစ်အတွင်း သမ္မတ အာဆတ်ကို ဖြုတ်ချရန်ကြိုးစားခဲ့သည့် သူပုန်များအား ထောက်ခံအားပေးခဲ့သော ပင်လယ်ကွေ့အာရပ်နိုင်ငံဖြစ်သည်။

သမ္မတ အာဆတ်သည် ဆီးရီးယားပြည်တွင်းစစ် စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအာရပ်နိုင်ငံခရီးစဉ်အဖြစ် ၂၀၂၂ ခုနှစ် မတ်လက ယူအေအီးနိုင်ငံသို့ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။KKO

## အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို အစိုးရအဖွဲ့ဝင်နေရာအပြောင်းအလဲများကို လာမည့်ရက်ပိုင်းအတွင်း ပြုလုပ်နိုင်ဖွယ်ရှိ

**ဂျကာတာ ဇန်နဝါရီ ၆**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုအနေဖြင့် လာမည့်ရက်အနည်းငယ်အတွင်း အစိုးရအဖွဲ့ဝင်နေရာများ အပြောင်းအလဲပြုလုပ်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ဖော်ပြခဲ့သည်။

လာမည့်ရက် အနည်းငယ်အတွင်း မိမိအနေဖြင့် အစိုးရအဖွဲ့ဝင်နေရာများကို အပြောင်းအလဲပြုလုပ်နိုင်ဖွယ်ရှိကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ဇန်နဝါရီ ၅ ရက်တွင် ရီအောပြည်နယ်သို့ အလည်အပတ် ရောက်ရှိနေချိန်အတွင်း သတင်းထောက်များနှင့်တွေ့ဆုံစဉ် အစိုးရအဖွဲ့ဝင်နေရာများအပြောင်းအလဲပြုလုပ်မည့်အစီအစဉ်နှင့်ပတ်သက်၍ အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ စီမံကိန်းများအပြီးသတ်အကောင်အထည်ဖော်ရေးအတွက် သမ္မတ ဂျိုကိုဝီဒိုဒိုက နောက်ဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့ဝင်နေရာအပြောင်းအလဲများပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်နိုင်ကြောင်း နိုင်ငံရေးလေ့လာဆန်းစစ်သူများက သုံးသပ်ထားသည်။

အစိုးရအဖွဲ့ဝင်နေရာအပြောင်းအလဲပြုလုပ်ရာတွင် သမ္မတ ဂျိုကိုဝီဒိုဒိုအနေဖြင့် စွမ်းဆောင်မှုအားနည်းသည့် ဝန်ကြီးများကို ဖယ်ရှားလိမ့်မည် ဖြစ်ကြောင်း အင်ဒိုနီးရှား သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

သမ္မတ ဂျိုကိုဝီဒိုဒိုအနေဖြင့် အစိုးရအဖွဲ့ဝင်နေရာ အပြောင်းအလဲပြုလုပ်မှုကို ၂၀၂၂ ခုနှစ် ဇွန်လတွင် နောက်ဆုံးတစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO

## မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦး ဖမ်းဆီးခံရပြီးနောက် ဆီနာလိုအာပြည်နယ်၌ အကြမ်းဖက်မှုများဖြစ်ပွား

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၆**



မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၅ ရက်က အိုဗီဒီယိုဂက်ဇ်မင်းအမည်ရှိ မူးယစ်ဂိုဏ်းခေါင်းဆောင် တစ်ဦးကို ဖမ်းဆီးခဲ့ပြီးနောက် ဆီနာလိုအာပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ နေရာအနှံ့ပေါ်ပေါက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မူးယစ် ဂိုဏ်းခေါင်းဆောင် အိုဗီဒီယိုဂက်ဇ်မင်းသည် လက်ရှိအချိန်တွင် အကျဉ်းကျနေသည့် ကမ္ဘာကျော်မက္ကဆီကို မူးယစ်ရာဇဝတ်သားကြီး ယိုအာကွင်းအယ်လ်ချာပိုဂက်ဇ်မင်း၏ သားဖြစ်သည်။

မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အိုဗီဒီယိုဂက်ဇ်မင်းကို ဖမ်းဆီးခဲ့ပြီးနောက် ဆီနာလိုအာပြည်နယ် ကျူလီယာကန်မြို့၌ မူးယစ်ဂိုဏ်းအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးပြီး အရပ်သားရှစ်ဦး အပါအဝင် ၂၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ဆီနာလိုအာပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။

မက္ကဆီကို တာဝန်ရှိသူများ၏ အဆိုအရ အိုဗီဒီယိုဂက်ဇ်မင်းအဖမ်းခံခဲ့ရပြီးနောက် ကျူလီယာကန်မြို့အတွင်း၌ မူးယစ်ဂိုဏ်းဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့များကြား ပဋိပက္ခ ၁၂ ကြိမ်ဖြစ်ပွားခဲ့ပြီး လုယက်မှု ၂၅ မှုနှင့် မော်တော်ယာဉ်မီးရှို့မှု ၂၅၀ ထိရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် မက္ကဆီကို ခရီးစဉ်မတိုင်မီ ဆီနာလိုအာပြည်နယ်၌ ထိုကဲ့သို့ မူးယစ်ဂိုဏ်း အကြမ်းဖက်မှုများ ပေါ်ပေါက်နေခြင်း ဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုကိုအသုံးပြု၍ ဟင်းလင်းပွင့်ကြယ်အစုအဝေးသစ် ၁၀၁ ခု တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ပေကျင်း ဇန်နဝါရီ ၆**

ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုကိုအသုံးပြု၍ ဟင်းလင်းပွင့်ကြယ်အစုအဝေးသစ် ၁၀၁ ခုကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys. Org သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၅ ရက်က ရေးသားတင်ပြထားသည်။

ဟင်းလင်းပွင့်ကြယ်အစုအဝေးများသည် အရွယ်အစားကြီးမားသည့် ကြယ်ဖွဲ့တိမ်တိုက်ကြီးများအတွင်း ပေါ်ထွက်လာတတ်ပြီး ဒြပ်ဆွဲအားကြောင့် ကြယ်များတစ်စင်းနှင့်တစ်စင်း ခပ်ကျဲကျဲစုစည်းမိနေသည့် ကြယ်အစုအဝေးများဖြစ်ကြကြောင်း သိရသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းနက္ခတ္တရူပလေ့လာရေးဌာနမှ သိပ္ပံပညာရှင်များသည် ဂိုင်ယာဂြိုဟ်တုမှရရှိသည့် အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြရာ ဟင်းလင်းပွင့်ကြယ်အစုအဝေးသစ် ၁၀၁ ခုကို နဂါးငွေ့တန်းကြယ်စုအတွင်း ထပ်မံတွေ့ရှိခဲ့ရသည်။

သို့ဖြစ်ရာ လက်ရှိအချိန်ထိ နိုင်ငံတကာ သိပ္ပံပညာရှင်များသည် နဂါးငွေ့တန်း ကြယ်စုအတွင်းရှိ ဟင်းလင်းပွင့် ကြယ်အစုအဝေး ၁၀၀၀ကျော်ကို ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။

ဟင်းလင်းပွင့်ကြယ်အစုအဝေးများကို လေ့လာခြင်းအားဖြင့် နဂါးငွေ့တန်းကြယ်စု၏ ဆင့်ကဲဖြစ်စဉ်ကို ပိုမိုနားလည်ရေးအတွက် အထောက်အကူ ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ်သိပ္ပံပညာရှင်များ တွေ့ရှိခဲ့သော ဟင်းလင်းပွင့်ကြယ်အစုအဝေးသစ်များသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၆၀၀ ခန့်အကွာ၌ တည်ရှိကြောင်း သိရသည်။

KKO

## ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော အိုင်အိုဂြိုဟ်ရံလပေါ်၌ ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့


**ဝါရှင်တန် ဇန်နဝါရီ ၆**

ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော အိုင်အိုဂြိုဟ်ရံလပေါ်၌ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၅ ရက်က ရေးသားတင်ပြထားသည်။

အိုင်အိုဂြိုဟ်ရံလ မီးတောင်ပေါက်ကွဲမှုကို ၂၀၂၂ ခုနှစ် ဆောင်းရာသီတွင် အမေရိကန်နိုင်ငံ အခြေစိုက် ဂြိုဟ်နက္ခတ်သိပ္ပံ အင်စတီကျူမှ သိပ္ပံပညာရှင်များက ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ အိုင်အိုဂြိုဟ်ရံလမီးတောင်ပေါက်ကွဲမှုသည် ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့်စက်တင်ဘာလကြားတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ဒီဇင်ဘာလမှသာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလများထဲတွင် ပါဝင်သည့် အိုင်အိုဂြိုဟ်ရံလသည် နေအဖွဲ့အစည်း၏ မီးတောင်လှုပ်ရှားမှုအပြင်းထန်ဆုံးနယ်မြေဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိသည်။



ကြာသပတေးဂြိုဟ်နှင့်အခြားဂြိုဟ်ရံလနှစ်စင်းတို့၏ ဒြပ်ဆွဲအားများမှာ အိုင်အိုဂြိုဟ်ရံလနှင့်အပြန်အလှန် အားသက်ရောက်လျက်ရှိရာ ကြာသပတေးဂြိုဟ်၏ ဂျူပီယံလလေးစင်းအနက် အတွင်းဘက်အကျဆုံးဂြိုဟ်ရံလဖြစ်သည့် အိုင်အိုဂြိုဟ်ရံလမှာ ညှစ်ဆုပ်ခံနေရသကဲ့သို့ ဖြစ်နေမှုကြောင့် မီးတောင်လှုပ်ရှားမှုမြင့်မားနေရခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း တွေ့ရှိခဲ့သော အိုင်အိုဂြိုဟ်ရံလမီးတောင်ပေါက်ကွဲမှုမှာ တွေ့ရှိဖူးသမျှအိုင်အိုဂြိုဟ်ရံလ မီးတောင်ပေါက်ကွဲမှုများအနက် အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။

KKO

## သစ်ရွက်တစ်ရွက်၏သဘာဝကိုတုပထားသော စက်ဝိုင်းပုံကိရိယာတစ်မျိုးက လေထုထဲမှရေဓာတ်ကိုရယူ၍ သန့်ရှင်းသောစွမ်းအင်အရင်းအမြစ် ပြန်ထုတ်ပေးနိုင်

**ဘန်း ဇန်နဝါရီ ၆**

သစ်ရွက်တစ်ရွက်၏သဘာဝကိုတုပထားသော စက်ဝိုင်းပုံသဏ္ဌာန်ကိရိယာတစ်မျိုးသည် လေထုထဲမှရေဓာတ်ကိုရယူ၍ သန့်ရှင်းသောစွမ်းအင်အရင်းအမြစ်ကို ပြန်ထုတ်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၅ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါကိရိယာကို လော်ဆိန်းဖက်ဒရယ် ပေါ်လီတက္ကနစ်သိပ္ပံမှ ဓာတုဗေဒ အင်ဂျင်နီယာများက ဖန်တီးထားခြင်းဖြစ်သည်။

TPCS ဟူ၍အမည်ပေးထားသော အဆိုပါ ကိရိယာငယ်သည် အလင်းရောင်ကို စုပ်ယူပေးနိုင်သည့် ဆေးလွှာတစ်မျိုးသုတ်လိမ်းထားကြောင်း သိရသည်။

အဆိုပါကိရိယာသည် နေရောင်နှင့်ထိတွေ့ချိန်တွင် လေထုအတွင်းမှ ရေဓာတ်ကိုစုပ်ယူ၍ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ထုတ်ပေးနိုင်ကြောင်း၊ TPCS ကိရိယာကို သစ်ရွက်များ၏အလင်းဖြင့်စွမ်းအင်ချက်လုပ်မှု (Photosynthesis) သဘာဝအား တုပဖန်တီးထားခြင်းဖြစ်ကြောင်း ဆွစ်ဇာလန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဆွစ်ဇာလန် သိပ္ပံပညာရှင်များသည် အလင်းဖြင့်စွမ်းအင်ချက်လုပ်မှု သဘာဝကိုအခြေခံ၍ PEC အမည်ရှိ ဘက်ထရီတစ်မျိုးဖြင့် နေရောင်နှင့်ရေတို့ကိုသုံး၍ ဟိုက်ဒရိုဂျင်လောင်စာကို ဖန်တီးပြနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ရင်သားကင်ဆာရောဂါများကိုကုသရေးအတွက် ပရိုတွန်ဓာတ်ရောင်ခြည်ကုထုံးစမ်းသပ်မှုစတင်

**လန်ဒန် ဇန်နဝါရီ ၆**

ရင်သားကင်ဆာ ရောဂါကို ကုသရာတွင် ပရိုတွန်ဓာတ်ရောင်ခြည်ကုထုံးဖြင့် အထောက်အကူပေးနိုင်မှု ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် ဗြိတိန်သုတေသနပညာရှင်များက လက်တွေ့စမ်းသပ်မှုများ စတင်နေပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၅ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ စမ်းသပ်မှုအတွင်း ဗြိတိန် သုတေသနပညာရှင်များသည် ရေရှည်နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားသူ ရင်သားကင်ဆာရောဂါလူနာများကို ကုသရာတွင် ပရိုတွန်ဓာတ်ရောင်ခြည်ကုထုံးနှင့် ပုံမှန်ဓာတ်ရောင်ခြည် ကုထုံးတို့ကြား ထိရောက်မှုအတိုင်းအဆကို နှိုင်းယှဉ်လေ့လာမည်ဖြစ်သည်။

ပရိုတွန်ဓာတ်ရောင်ခြည်ကုထုံးသည် လျှပ်စစ်ဓာတ်ဆောင် ပရိုတွန်မှုန်များကို ကင်ဆာဆဲလ်များဆီသို့ ပိုမိုတိကျစွာပစ်လွှတ်၍ ကင်ဆာဆဲလ်များကို ဖျက်ဆီးသည့်ကုထုံးဖြစ်ကြောင်း သိရသည်။

ပုံမှန် ဓာတ်ရောင်ခြည်ကုထုံးတွင်မူ ကင်ဆာဆဲလ်များကိုဖျက်ဆီးရေးနှင့် ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို လျှော့ချရေးအတွက် စွမ်းအင်မြင့် X-ray ရောင်ခြည်ကို အသုံးပြုလေ့ရှိသည်။

ပုံမှန် ဓာတ်ရောင်ခြည်ကုထုံးများသည် ရင်သားကင်ဆာလူနာအများအပြားအတွက် ထိရောက်မှုရှိသော်လည်း ဘေးထွက်ဆိုးကျိုးအဖြစ်နောက်ပိုင်းတွင် ရေရှည်နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။ KKO

## ဆယ်ကျော်သက်အဝလွန်သူများ ကိုယ်အလေးချိန်လျှော့ချရာတွင် Semaglutide ဆေးကူညီနိုင်

**နယူးယောက် ဇန်နဝါရီ ၆**

Semaglutide အမည်ရှိ ထိုးဆေးတစ်မျိုးသည် အဝလွန်နေသော သို့မဟုတ် ကိုယ်အလေးချိန်လွန်ကဲနေသော ဆယ်ကျော်သက်များ ကိုယ်အလေးချိန်ကိုလျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၅ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် အဆိုပါဆေးသည် ဆယ်ကျော်သက်လူငယ်များ၏ နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တတိယအဆင့် လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Semaglutide များကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် ထိုးနှံထားသည့် ဆယ်ကျော်သက်များ၌ ကိုယ်အလေးချိန်မှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Semaglutide ဆေးယောင် (Plucebo) ကို ရက်သတ္တတစ်ပတ်တစ်ကြိမ် ထိုးနှံထားသူများတွင်မူ ကိုယ်အလေးချိန်လျှော့ကျမှုနှုန်းမှာ သုည ဒသမ ၆ ရာခိုင်နှုန်းသာရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Semaglutide ဆေးသည် Glucagon-Like Peptide-1 အမည်ရှိ ဟော်မုန်းတစ်မျိုးကို တုပခြင်းဖြင့် အစာစားလိုစိတ်ကိုလျှော့ချပေးသည့်ဆေးဖြစ်ပြီး အရွယ်ရောက်သူများ ကိုယ်အလေးချိန်လျှော့ချရေးအတွက် အသုံးပြုခွင့်ရထားသည့်ဆေးဖြစ်သည်။

ဆယ်ကျော်သက် လူငယ်များကြား အဝလွန်မှု သို့မဟုတ် ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲမှု ပြဿနာသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့်ပြဿနာဖြစ်သည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

### အီတလီစီးရီးအေ ပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်များ

ML

**လာဇီယို Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၈-၁-၂၀၂၃ (ည ၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လာဇီယို ၃ - ၃ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | - | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| အမ်ပိုလီ | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |

ပြီးခဲ့တဲ့ပွဲစဉ်မှာ လက်ချီကို ရှုံးနိမ့်ခဲ့တဲ့ လာဇီယိုအသင်းအနေနဲ့ အခုပွဲစဉ်ကို နိုင်ပွဲရမှသာ ဥရောပဝင်ခွင့်သေချာမှာဖြစ်လို့ တိုက်စစ်မြှင့်ကစားလာမှာ သေချာပါတယ်။ အမ်ပိုလီအသင်းကတော့ တိုက်စစ်ထက်မြက်တဲ့အသင်းတွေကို ထိန်းချုပ်နိုင်ခြင်းမရှိသေးတာကြောင့် ပေးဂိုးတွေများနေဆဲဖြစ်ပါတယ်။ ဒါကြောင့် လာဇီယိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လာဇီယို ၂ - ၁ အမ်ပိုလီ**

**စပီဇီယာ Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၈-၁-၂၀၂၃ (ည ၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပီဇီယာ ၀ - ၂ လက်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စပီဇီယာ | - | အိမ်(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |
| လက်ချီ | - | အိမ်(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

စပီဇီယာအသင်းဟာ အိမ်ကွင်းတိုက်စစ်ကောင်းပေမဲ့ ခံစစ်ပိုင်းက အိမ်ကွင်းရှစ်ပွဲမှာ ၁၂ ဂိုးထိပေးခဲ့ရပြီး သရေပွဲစဉ်တွေများနေတာကိုတွေ့ရမှာပါ။ လက်ချီအသင်းကတော့ လက်ရှိ တန်းတက်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းထက်မြက်သလို နောက်ဆုံးအမှတ်ပေးပွဲမှာလည်း ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါကြောင့် တိုက်စစ်ပိုင်းသာလွန်တဲ့ လက်ချီကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - စပီဇီယာ ၁ - ၂ လက်ချီ**

### အက်ဖ်အေဖလား တတိယအဆင့် ပွဲကြိုသုံးသပ်ချက်

ML

**ရက်ဖီး(W) Vs နယူးကာဆယ်**

**ကစားမည့်ရက်/အချိန် ၈-၁-၂၀၂၃ (နံနက် ၀၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရက်ဖီး(W) ၂ - ၁ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရက်ဖီး(W) | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| နယူးကာဆယ် | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(သရေ) |

ရက်ဖီး(W) ဟာ အင်္ဂလန်လိဂ်ဝမ်းပြိုင်ပွဲမှာ ရလဒ်ကောင်းမွန်နေပေမဲ့ ဖလားပြိုင်ပွဲမှာတော့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိ ပရီးမီးယားလိဂ်ရဲ့ ခြေစွမ်းအကောင်းဆုံးဖြစ်တဲ့ နယူးကာဆယ်နဲ့ တွေ့ဆုံနေတာကြောင့် အိမ်ကွင်းဖြစ်ပေမဲ့ ဂိုးပြတ်မရှုံးအောင် ကစားရမဲ့ အခြေအနေပါ။ ဒါကြောင့် နယူးကာဆယ်အသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ရက်ဖီး(W) ၁ - ၃ နယူးကာဆယ်**

### အားကစားသတင်း အတိုအထွာများ

- အာဂျင်တီးနားအသင်းနှင့် နယ်သာလန်အသင်းတို့ ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်များကြောင့် ဝေဖန်ခံနေရသည့် စပိန်ကွင်းလယ်ဒိုင် လာဟိုဇ်က ယခုနှစ်ဘောလုံးရာသီကုန်တွင် အနားယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ပီအက်စ်ဂျီအသင်းက ရောင်းချရန် ပြင်ဆင်နေသည့် တိုက်စစ်မှူး နေမာကို ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီး၊ နယူးကာဆယ်နှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေကြောင်း သိရသည်။
- ဆောက်သမ်တန်အသင်းက ဒိုင်နမိုဇာဂရက် ကစားသမား အော်ဆစ်ကို စတာလင်ပေါင် ၆ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ML

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကရာတေးကစားသမား ပဏာမလူရွေးချယ်ရေး လက်ရည်စစ်ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၆**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကရာတေးကစားသမားများ စခန်းသွင်းလေ့ကျင့်မှု ပဏာမလူရွေးချယ်ရေးလက်ရည်စစ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဝင်းဇော်နှင့်အမှုဆောင်များ၊အမှတ်ပေးအကဲဖြတ် ဆရာများ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်တွင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စုဖွဲ့လေ့ကျင့်ခဲ့ကြပြီးနောက် ယခုအခါ ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ပဏာမ လူရွေးချယ်ရေးလက်ရည်စစ်ပြိုင်ပွဲတွင် ကစားသမားများ၏ နည်းစနစ်ကျွမ်းကျင်မှု၊ နည်းပရိယာယ်ကျွမ်းကျင်မှု၊ ကြံ့ခိုင်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ ဥပဒေကိုကျွမ်းကျင်စွာအသုံးချနိုင်မှု၊ ဥပဒေနားလည်မှု၊ လိုက်နာမှုစသည်ဖြင့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းပြီး ရွေးချယ်ချယ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပဏာမ လူရွေးချယ်ရေးလက်ရည်စစ်ပြိုင်ပွဲ၌ အသင်း ၁၄ သင်းမှကစားသမား ၃၄ ဦးတို့က ပြိုင်ပွဲအမျိုးအစား ၃၉ မျိုးတို့တွင် ပါဝင် ယှဉ်ပြိုင်လျက်ရှိကြကြောင်း သိရသည်။

STA

## ဘာဒီအက်ရှီလီကိုခေါ်ယူခဲ့ပြီးနောက် ချဲလ်ဆီးအသင်း၏ ခံစစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် ၃၅၅ သန်းကျော်ရှိလာ

**လန်ဒန် ဇန်နဝါရီ ၆**

ချဲလ်ဆီးအသင်းသည် မိုနာကိုအသင်းမှ ခံစစ်ကစားသမား ဘာဒီအက်ရှီလီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် နောက်ဆုံးငါးနှစ်အတွင်း အသင်း၏ ခံစစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ်မှာ စတာလင်ပေါင် ၃၅၅ သန်းကျော်ထိ ရှိလာခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် မိုနာကိုအသင်းမှ ခံစစ်ကစားသမား ဘာဒီအက်ရှီလီကို ခုနစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် ၂၀၁၉-၂၀၂၂ ဘောလုံးရာသီမှစတင်ပြီး လက်ရှိအချိန်ထိ ခံစစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ်မှာ စတာလင်ပေါင် ၃၅၅ ဒသမ ၆ သန်းထိ ရှိခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အသင်းခံစစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ် အများအပြားအသုံးခဲ့ပြီး လက်စတာအသင်းမှ ဖိုဖန်နာအတွက် စတာလင်ပေါင်သန်း ၇၀၊ ဘရိုက်တန်အသင်းမှ ကူကူရယ်လာအတွက် စတာလင်ပေါင် ၆၂ သန်း၊ နာပိုလီအသင်းမှ ကူလီဘာလေအတွက် စတာလင်ပေါင် ၃၃ သန်း စုစုပေါင်း စတာလင်ပေါင်း သန်း ၁၆၀ ထိ အသုံးပြုခဲ့သကဲ့သို့ လက်ရှိတွင်လည်း ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလ မတိုင်မီ စတာလင်ပေါင် ၃၅သန်း အသုံးပြုထားခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အဓိကခံစစ်ကစားသမား နှစ်ဦးဖြစ်သည့် ခရစ်တန်ဆန်နှင့် ရူဒီဂါတို့ထွက်ခွာသွားခဲ့သည့်အတွက် အသင်းခံစစ်ပိုင်းအတွက် ကူလီဘာလေ၊ ဖိုဖန်နာနှင့် ကူကူရယ်လာတို့ကို ခေါ်ယူဖြည့်တင်းထားသော်လည်း ခံစစ်ပိုင်းတွင် ကစားသမားများ မကြာခဏ ဒဏ်ရာရရှိနေသည့်အတွက် မိုနာကိုအသင်း၌ ခြေစွမ်းပြနေသည့် ဘာဒီအက်ရှီလီကို ကာလရှည်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

## လက်စတာအသင်းက လိုရီးယန့်တိုက်စစ်မှူး အူအာတာရာကို ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်း



**လန်ဒန် ဇန်နဝါရီ ၆**

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် တိုက်စစ်ကစားပုံကျဆင်းလာသည့် လက်စတာအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် လိုရီးယန့်အသင်းတိုက်စစ်မှူး အူအာတာရာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Get French Football News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ တိုက်စစ်မှူး အူအာတာရာသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး ငါးဂိုးနှင့်ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်ကာခြေစွမ်းပြသနိုင်ခဲ့ရာ လက်စတာအသင်းအနေဖြင့် တိုက်စစ်ပိုင်းတွင် အသက်အရွယ်ရ အကျပိုင်းရောက်လာသည့်ဗာဒီနှင့်ဂိုးရရှိရန် ရုန်းကန်နေရသည့် ဒါကာတို့၏နေရာတွင် အစားထိုးနိုင်ရန် လက်ရှိအပြောင်းအရွှေ့ကာလတွင် ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဘာကီနာဖာဆို နိုင်ငံသား အူအာတာရာသည် ၂၀၂၀ ပြည့်နှစ်က လိုရီးယန့် (B) အသင်းသို့ ရောက်ရှိခဲ့ပြီး ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် အသင်းကြီးနှင့်ပူးပေါင်းခွင့်ရရှိခဲ့က ပြိုင်ပွဲစုံ ၄၂ ပွဲဝင်ကစားခဲ့ရာတွင် သွင်းဂိုးခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း လိုရီးယန့်အသင်း တိုက်စစ်ပိုင်းကို အဓိက ဦးဆောင်နေသောကြောင့် လက်စတာအသင်း တာဝန်ရှိသူများက ၎င်းကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့က အသင်းမှ ခံစစ်ကစားသမား ဖိုဖန်နာနှင့် ဂိုးသမား ရှမိုက်ကယ်တို့ ထွက်ခွာသွားသည့်အပြင် အသင်းမှ ခံစစ်ကစားသမားများဖြစ်သည့် ဂျိမ်းဂျက်စတင်၊ အီဗန်၊ ပါရဲရား၊ ဘာထရန်တို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သည့်အချိန်တွင် ရလဒ်ပိုင်းဆိုးရွားခဲ့ပြီး တိုက်စစ်ပိုင်းကလည်း စုစုပေါင်းသွင်းဂိုးငါးဂိုးသာ သွင်းယူနိုင်ခဲ့ရာ အသင်းအနေဖြင့် ရမှတ် ၁၇ မှတ်သာရရှိခဲ့ပြီး အဆင့် (၁၃) နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ML

# စီရော်နယ်ဒိုက လက်ရွေးစင်အသင်းဖော် ပီပီကိုခေါ်ယူပေးရန် အယ်နာဆာအသင်းထံ တောင်းဆို



**ရိုယာ့ဒ် ဇန်နဝါရီ ၆**

အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ပေါ်တူဂီလက်ရွေးစင်အသင်းဖော် ပီပီကို အသင်းထံ ခေါ်ယူပေးရန် အတွက် အယ်နာဆာအသင်းထံ တောင်းဆိုခဲ့သည်ဟု မာကာ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇နှစ်ရှိ စီရော်နယ်ဒိုသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အယ်နာဆာအသင်းသို့ ဘောလုံးလောကတွင် စံချိန်တင်လုပ်ခစာဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းဖော်ဟောင်း တစ်ဦးဖြစ်သကဲ့သို့ လက်ရှိလက်ရွေးစင်အသင်းဖော်ဖြစ်သည့် ပီပီကို အသင်းထံ ခေါ်ယူပေးရန်အတွက် တောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိပြီဖြစ်သည့် ပီပီသည် ပေါ်တူဂီထိပ်တန်းလိဂ် ပေါ်တိုအသင်းတွင် ကစားလျက်ရှိပြီး ယခုနှစ် ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ ပေါ်တိုအသင်းကလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အစီအစဉ်မရှိသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည်။

အယ်နာဆာအသင်း ဘုတ်အဖွဲ့ဝင်များက အသင်းခံစစ်ပိုင်းအတွက် ဝါရင့်ခံစစ်ကစားသမား တစ်ဦးကို ခေါ်ယူလိုသဖြင့် အစောပိုင်းက စီရော်နယ်ဒို၏ အသင်းဖော်ဟောင်းဖြစ်သည့် ရာမို့စ်ကို ခေါ်ယူရန် ပြင်ဆင်သော်လည်း ယခုအခါ စီရော်နယ်ဒိုကိုယ်တိုင်က ပီပီကို ခေါ်ယူပေးရန်အတွက် တောင်းဆိုခဲ့သဖြင့် ပီပီကို ခေါ်ယူနိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

STA

# ASB Classic တင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ် ဒဏ်ရာရရှိခဲ့သည့် အမ်မာရာဒူကာနူ ပြိုင်ဘက်ကို အရှုံးပေးနုတ်ထွက်ခဲ့ရ

**ဝယ်လင်တန် ဇန်နဝါရီ ၆**

နယူးဇီလန်နိုင်ငံ အော့ကလန်တွင် ကျင်းပနေသည့် ASB Classic တင်းနစ်ပြိုင်ပွဲ ၁၆ ဦး အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် စလိုဗက်ကီးယား တင်းနစ်မယ် ကုဇ်မိုဗာတို့ယှဉ်ပြိုင် ကစားခဲ့ရာ ပွဲယှဉ်ပြိုင်ကစားစဉ် ဒဏ်ရာရရှိခဲ့သည့် အမ်မာရာဒူကာနူအနေဖြင့် ပွဲပြီးဆုံးအောင် ကစားနိုင်ခဲ့ခြင်း မရှိသည့်အတွက် ပြိုင်ဘက်ကုဇ်မိုဗာကို အရှုံးပေးနုတ်ထွက်ခဲ့ရကြောင်း Euro Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာသည် ပထမပွဲငယ်တွင် (၆-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် (၅-၇) ရလဒ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ရသည်။ ဒုတိယပွဲငယ်မှစတင်၍ ခြေချင်းဝတ်ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် ရာနှုန်းပြည့် အားစိုက်ကစားနိုင်ခြင်း မရှိတော့သကဲ့သို့တတိယပွဲငယ်တွင် ခြေချင်းဝတ်ဒဏ်ရာပြင်းထန်စွာ နာကျင်လာသည့်အတွက် ပွဲအားဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲမှ အရှုံးပေးနုတ်ထွက်ခဲ့ရသည့်အတွက် ကုဇ်မိုဗာက အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



အမ်မာရာဒူကာနူက "မျက်နှာပြင် ချော်နေတဲ့ကွင်းမှာ ကစားရလို့ အခုလို ဒဏ်ရာရတာမထူးဆန်းပါဘူး။ ကွင်းချော်လို့ အခုလို ဒဏ်ရာရတာကိုလက်ခံနိုင်ဖို့ ခက်ခဲလွန်းပါတယ်။ ကျွန်မအနေနဲ့ ကြံ့ခိုင်မှုပိုင်း အကောင်းဆုံး ဖြစ်စေဖို့အတွက် လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက အပြင်းအထန် လေ့ကျင့်ခဲ့တယ်။ ကြံ့ခိုင်မှုပိုင်းက အကောင်းဆုံး အခြေအနေမှာ ရှိနေတယ်။ စွမ်းဆောင်ရည်ပိုင်းကလဲ သိသိသာသာတိုးတက်လာတယ်။ အခု ဒီပွဲစဉ်မှာလဲ အကောင်းဆုံးပုံစံရနေချိန်မှာ အခုလိုပွဲပြီးအောင် မကစားနိုင်ခဲ့လို့ အရမ်းကို စိတ်ပျက်မိပါတယ်" ဟု ပြောကြားခဲ့သည်။AZL

# စတားလင်းနှင့်ပူလီဆစ်တို့ ဒဏ်ရာရရှိခဲ့ပြီးနောက် ချဲလ်ဆီးအသင်းတွင် ဒဏ်ရာရကစားသမား ၁၀ ဦးထိရှိလာ

**လန်ဒန် ဇန်နဝါရီ ၆**

ချဲလ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ပရီးမီးယားလိဂ် အမှတ်ပေးပွဲစဉ်တွင် ချဲလ်ဆီးအသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမားများဖြစ်သည့် စတားလင်းနှင့် ပူလီဆစ်တို့ ဒဏ်ရာရရှိခဲ့သောကြောင့် အသင်းတွင် ဒဏ်ရာရကစားသမား ၁၀ ဦးထိရှိလာခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် မန်စီးတီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား ဖိုဖန်နာ၊ ဘန်ချီဝဲလ်၊ ရီစီဂျိမ်း၊ ဂိုးသမားမန်ဒီ၊ ကွင်းလယ်ကစားသမား ကန့်တီ၊ လော့တပ်ချိစ်၊ မေဆင်မောင့်၊ တိုက်စစ်မှူး ဘရိုဂျာတို့ကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရသည့်အပြင် အဆိုပါပွဲစဉ်တွင် စတားလင်းမှာ ပွဲချိန်ငါးမိနစ်တွင် နောက်ကျောဒဏ်ရာနှင့် ပူလီဆစ်မှာ ပွဲကစားချိန် ၂၂ မိနစ်တွင် ဒူးဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် လူစားလဲထွက်ခွာခဲ့ရသဖြင့် အသင်းတွင် ဒဏ်ရာရကစားသမား ၁၀ ဦးထိရှိလာခဲ့ကြောင်း သိရသည်။

အသင်းနည်းပြ ဂရာဟမ်ပေါ်တာက "ကျွန်တော့်နည်းပြဘဝမှာ အခုလို ဒဏ်ရာရကစားသမားများနေတာမျိုးကို မကြုံဖူးပါဘူး။ လက်ရှိအသင်းအနေနဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဖိုဖန်နာ၊ ဘန်ချီဝဲလ်၊ ရီစီဂျိမ်း၊ ကန့်တီနဲ့ ဘရိုဂျာတို့ကို ဒဏ်ရာကြောင့် ကာလရှည် လက်လွှတ်ရမှာပါ။ ကျန်ကစားသမားတွေကလဲ လာမဲ့ ပွဲစဉ်ကို ပါဝင်ဖို့ မသေချာပါဘူး။ မေဆင်မောင့်ကတော့ မန်စီးတီးနဲ့ ပွဲမတိုင်မီ လေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် အခုပွဲစဉ် ပထမပိုင်းအတွင်းမှာလဲ စတားလင်းနဲ့ပူလီဆစ်တို့ ဒဏ်ရာ ထပ်မံရရှိခဲ့တာကြောင့် လက်ရှိ အခြေအနေကိုကျော်ဖြတ်ဖို့ ခက်ခဲနေပါတယ်" ဟု ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်းသည် နည်းပြ ဂရာဟမ်ပေါ်တာကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက နည်းပြတူချယ်နေရာတွင် အစားထိုးခဲ့ပြီး နောက်ပိုင်း ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဒဏ်ရာရကစားသမားများပြားလာမှုကြောင့် ပြီးခဲ့သည့် အောက်တိုဘာ ၂၉ ရက်က ကစားခဲ့သည့် ဘရိုက်တန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ပြိုင်ပွဲစုံ၌ နိုင်ပွဲနှစ်ပွဲသာရရှိခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် အဆင့် (၁၀) ထိ ကျဆင်းခဲ့ကြောင်း သိရသည်။

ML

# Sentry Tournament of Champions ပြိုင်ပွဲအမှတ်ပေးဇယားကို မိုရီကာဝါ၊ ဂျေဂျေစပေါင်နှင့် ဂွန်ရမ်တို့ ပူးတွဲဦးဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင် ကျင်းပနေသည့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မိုရီကာဝါ၊ ဂျေဂျေစပေါင်နှင့် စပိန်ဂေါက်သီးရိုက် ကစားသမား ဂွန်ရမ်တို့က သတ်မှတ်ရိုက်ချက်ထက် ကိုးချက် လျှော့ရိုက်ကာအမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Golf Digest သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားတွင် T4 နေရာ၌ ရပ်တည်နေပြီး ကမ္ဘာ့အဆင့် (၂) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ အပါအဝင်ပြိုင်ပွဲဝင်ခြောက်ဦးက အမှတ်ပေးဇယား၏ T5 နေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မိုရီကာဝါအနေဖြင့် ပထမနေ့တွင် ကစားသမားဘဝသက်တမ်း တစ်လျှောက် အကောင်းဆုံး စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ခြင်းဖြစ်ပြီး နည်းပြစတီဖင်စဝီနှင့် လက်တွဲခဲ့ပြီးနောက် ရလဒ်များ သိသိသာသာ တိုးတက်လာခြင်းဖြစ်သည်။

နည်းပြစတီဖင်စဝီက "မိုရီကာဝါ အနေနဲ့အခြေခံပိုင်းမှာ အားနည်းမှုတချို့ရှိနေခဲ့တဲ့အတွက် အရေးကြီးတဲ့အခြေခံအချက်တွေကို တိုးတက်လာအောင်ကူညီပေးဖို့ ကျွန်တော့်ကို ပြောခဲ့တယ်။ အဓိကကတော့ Swing ရိုက်ချက်ပိုင်းမှာလိုအပ်တဲ့ အခြေခံအချက်တချို့ကို ကျွန်တော် သူ့ကိုပြင်ပေးခဲ့တယ်။ မိုရီကာဝါဟာ သင်ယူလိုစိတ်ပြင်းပြတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ လေ့ကျင့်ရေးအစီအစဉ်မှာလဲ တကယ်ကို ကြိုးစားတဲ့သူပါ။ ဒါကြောင့် သူအခုလို တိုးတက်လာတာပါ"ဟု ပြောကြားခဲ့သည်။

AZL

# စပိန်လာလီဂါ ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်များ

S T A

**အယ်မာရီယာ Vs ဆိုစီဒက်**

**ကစားမည့်ရက်/အချိန် ၈-၁-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အယ်မာရီယာ ၂ - ၂ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အယ်မာရီယာ** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **ဆိုစီဒက်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတဲ့ ဆိုစီဒက်အသင်းကို အယ်မာရီယာအသင်းအိမ်ကွင်းဆိုပေမဲ့ ထိန်းချုပ်ဖို့ခက်ခဲနေမှာပါ။ လက်ရှိ အယ်မာရီယာအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဆိုစီဒက်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အယ်မာရီယာ ၀ - ၂ ဆိုစီဒက်**

**ဆီဗီလာ Vs ဂီတာဖေး**

**ကစားမည့်ရက်/အချိန် ၈-၁-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆီဗီလာ ၁ - ၀ ဂီတာဖေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆီဗီလာ** | – | **ဝေး(နိုင်)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |
| **ဂီတာဖေး** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတဲ့ ဆီဗီလာအသင်းဟာ အိမ်ကွင်းမှာ ဂီတာဖေးအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဂီတာဖေးအသင်းကလဲ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဆီဗီလာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆီဗီလာ ၂ - ၀ ဂီတာဖေး**

# ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာအလားအလာ

ဂျပန်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းက အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာစာတမ်း သုံးစောင်ကိုထုတ်ပြန်ခဲ့သည်။ ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာအခြေအနေအပေါ် စိုးရိမ်ပူပန်မှုများနှင့် တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုအပေါ် ခြိမ်းခြောက်မှုအဖြစ် ရှုမြင်လာမှုတို့ကို အဆိုပါစာတမ်းသုံးစောင်၌ ထင်ဟပ်ပေါ်လွင်နေသည်။

လက်ရှိအချိန်တွင် လုံခြုံရေးဆိုင်ရာပတ်ဝန်းကျင်ပြောင်းလဲလာပြီဖြစ်သောကြောင့် သမိုင်းအစဉ်အလာအရ ခံစစ်အပြုအမူရှိပြီး စစ်ဆန့်ကျင်သည့် ဂျပန်ကဲ့သို့သော နိုင်ငံများအနေဖြင့် ၎င်းတို့၏ ရပ်တည်ချက်ကို ပြန်လည်သုံးသပ်လာကြပြီဖြစ်သည်။ အထူးသဖြင့် မတည်မငြိမ်ဖြစ်လာသော ဒေသတွင်းလုံခြုံရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များမြှင့်တင်ခြင်းနှင့် စစ်အခြေခံသဘောတရားများ ပြောင်းလဲကျင့်သုံးခြင်းတို့ လုပ်ဆောင်လာကြပြီဖြစ်သည်။

ဂျပန်နိုင်ငံ၏ နောက်ဆုံးထုတ်ပြန်ခဲ့သော အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာသည် ဒုတိယအကြိမ်မြောက် ထုတ်ပြန်ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်ကလည်း အလားတူ ထုတ်ပြန်ခဲ့သေးသည်။ ဆယ်စုနှစ်တစ်ခုခန့် ကြာမြင့်ပြီးချိန်၌ ဂျပန်နိုင်ငံပတ်ဝန်းကျင်နှင့် အခြားသော အင်ဒို-ပစိဖိတ်နိုင်ငံများတွင် လုံခြုံရေးဆိုင်ရာများ ပြောင်းလဲဖြစ်ပေါ်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ စစ်ရေးအင်အားတည်ဆောက်မှုသည် သိသိသာသာ မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာ၌ တရုတ်နိုင်ငံ၏အင်အားကြီးထွားလာမှုများကို အကြိမ်ကြိမ် သတိပေးဖော်ပြထားသည်။ အထူးသဖြင့် နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ ဘုံသဘောတူညီချက်နှင့် စံနှုန်းများအပေါ် သွေဖည်လာမည်ကို စိုးရိမ်ပူပန်မိကြောင်း ဖော်ပြထားသည်။ ထို့ပြင် မြောက်ကိုရီးယား၏ ဒုံးကျည်နှင့် နျူကလီးယားစွမ်းဆောင်ရည်များ တိုးတက်လာမှုကို ဂျပန်နိုင်ငံအတွက် ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ဖော်ပြထားသည်။ အထူးသဖြင့် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ် ပစ်ခတ်မှုများအပေါ်တွင် စိုးရိမ်မကင်းဖြစ်မိကြောင်း ဖော်ပြထားသည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့်လည်း ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် ၎င်း၏လုံခြုံရေးရည်မှန်းချက် အောင်မြင်ရေးအတွက် စစ်ရေးအင်အားအသုံးပြုရန် ဝန်လေးမည်မဟုတ်ကြောင်းကို ယူကရိန်းအရေးနှင့်ယှဉ်ထိုးကာ ဖော်ပြထားသည်။ အထူးသဖြင့် လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာအခင်းအကျင်း၏ အခြေခံမှုများကို မထီမဲ့မြင်ပြုခဲ့ကြောင်း ဖော်ပြထားသည်။ ရုရှားနိုင်ငံသည် ဂျပန်နိုင်ငံ၏အနီးပတ်ဝန်းကျင်တွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း၊ အထူးသဖြင့် ဂျပန်နိုင်ငံမြောက်ပိုင်းနယ်မြေများအနီးတွင် လက်နက်တပ်ဆင်မှုများ လုပ်ဆောင်လျက်ရှိသဖြင့် စိုးရိမ်ပူပန်မိကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဂျပန်နိုင်ငံပိုင်နက် အနီးပတ်ဝန်းကျင်တွင် လှုပ်ရှားဆောင်ရွက်မှုများအပါအဝင် တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုရှားနိုင်ငံ၏ ဆောင်ရွက်မှုများကိုလည်း စိုးရိမ်ပူပန်မှုအဖြစ် ရှုမြင်ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာ အလျင်အမြန် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသောကြောင့် တိုကျိုအနေဖြင့် သံတမန်ရေးနှင့်စီးပွားရေး



ဆိုင်ရာ အင်အားများ၊ နည်းပညာနှင့်ထောက်လှမ်းရေး စွမ်းဆောင်ရည်များမှသည် ဘက်စုံစွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း၊ စိန်ခေါ်မှုများကိုင်တွယ်ဖြေရှင်းနိုင်ရေး၊ ရန်သူများကိုဟန့်တားနိုင်ရေးနှင့် ဂျပန်နိုင်ငံ၏ အဆင့်အတန်းမြှင့်တင်နိုင်ရေးတို့အတွက် စိတ်တူကိုယ်တူနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စိတ်တူကိုယ်တူနိုင်ငံများတွင် ဂျပန်-အမေရိကန်-တောင်ကိုရီးယားနှင့် ဂျပန်-အမေရိကန်- ဩစတြေးလျ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအပြင် ဩစတြေးလျ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဥရောပနိုင်ငံများ၊ အာဆီယံ၊ ကနေဒါ၊ NATO နှင့် EU အပါအဝင် လုံခြုံရေးဆိုင်ရာ မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်နိုင်ငံနှင့်နိုင်ငံစုံ ဆွေးနွေးပွဲများ၊ အပြန်အလှန်လေ့ကျင့်သင်တန်းပေးမှုနှင့် စစ်ရေးလေ့ကျင့်ခန်းများ၊ သတင်းအချက်အလက် ကာကွယ်စောင့်ရှောက်ရေး သဘောတူညီချက်များ၊ စစ်လက်နက်ပစ္စည်းဝယ်ယူရေးနှင့် ဝန်ဆောင်မှုပေးရေး သဘောတူညီချက် (ACSA)၊ အပြန်အလှန်ဝင်ထွက်သွားလာခွင့် သဘောတူညီချက် (RAA)၊ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ပူးတွဲထုတ်လုပ်ရေး သဘောတူညီချက်၊ ကာကွယ်ရေးဆိုင်ရာပစ္စည်းများနှင့် နည်းပညာလွှဲပြောင်းပေးခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အထောက်အကူပေးခြင်း၊ မဟာဗျူဟာမြောက် ဆက်သွယ်ခြင်းနှင့် လိုက်လျောညီထွေ ဟန့်တားဆောင်ရွက်နိုင်ခြင်း အခွင့်အလမ်းများ (FOD) ပါဝင်ကြောင်း ဖော်ပြထားသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာမဟာဗျူဟာ၌ အရေးပါသော အချက်တစ်ချက်မှာ တန်ပြန်တိုက်ခိုက်နိုင်ရေး စွမ်းဆောင်ရည်များကို ဂျပန်နိုင်ငံက အလေးထားလျက်ရှိကြောင်း ဖော်ပြထားသည်။ ဒုံးကျည်စမ်းသပ်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသံလွှန်လက်နက်များအပါအဝင် ဒုံးကျည်နှင့်ဆက်စပ်သော နည်းပညာများ အဆင့်မြှင့်တင်ခြင်းနှင့် ဆန်းသစ်သော ဒုံးကျည်များကို ဟန့်တားတိုက်ခိုက်နိုင်မည့် ဒုံးကျည်ကာကွယ်ရေး စွမ်းဆောင်ရည်များကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုတည်းဖြင့် ဂျပန်နိုင်ငံကို ဒုံးကျည်ခြိမ်းခြောက်မှုများ အန္တရာယ်မှ ကာကွယ်နိုင်မည်မဟုတ်သည့်အတွက် တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဂျပန်နိုင်ငံအနေဖြင့် ဝင်ရောက်လာသော ဒုံးကျည်များကို ဒုံးကျည်ကာကွယ်ရေးကွန်ရက် အသုံးပြုလျက် ကာကွယ်သွားမည်ဖြစ်သကဲ့သို့ ပြိုင်ဘက်ကို ထိရောက်သော တန်ပြန်တိုက်ခိုက်မှုများဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာမဟာဗျူဟာ၌ ဖော်ပြထားသည်။ ထိုသို့ တန်ပြန်တိုက်ခိုက်ရာတွင် ကိုယ်ပိုင်ခုခံကာကွယ်မှုအတွက် အနည်းဆုံးအင်အားကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ၎င်း၏အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာကိုအခြေခံလျက် အမျိုးသားကာကွယ်ရေး မဟာဗျူဟာကိုလည်း ထုတ်ပြန်ခဲ့သည်။ ရန်သူများကို ဟန့်တားနိုင်ရန်နှင့် ရန်သူများက ဂျပန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှုများ လုပ်ဆောင်လာနိုင်ခြင်း မရှိစေရန်တို့အတွက် ကာကွယ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ တည်ဆောက်သွားရန် လိုအပ်ကြောင်း ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာ၌ ဖော်ပြထားသည်။ ဂျပန်နိုင်ငံသည် ဝေဟင်၊ မြေပြင်နှင့်ရေပြင်တို့တွင် ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်လျက်ရှိသကဲ့သို့ ခေတ်မီတိုးတက်လာသော ဒုံးကျည်များအပြင် ဒုံးကျည်နှင့် ဆက်စပ်သောနည်းပညာများ တိုးတက်လာသောကြောင့် ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ လိုအပ်ကြောင်းကိုလည်း အမျိုးသားကာကွယ်ရေးမဟာဗျူဟာ၌ ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် ကာကွယ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ တည်ဆောက်ရာတွင် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတကာဥပဒေများနှင့်အညီ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ခုခံကာကွယ်မှုကိုဗဟိုပြုသည့် ဂျပန်နိုင်ငံ၏ မဟာဗျူဟာကို ပြောင်းလဲသွားမည် မဟုတ်ကြောင်းနှင့် ကြိုတင်လက်ဦးမှု ရယူတိုက်ခိုက်သွားမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာစာတမ်းများ ထုတ်ပြန်ပြီးနောက် ရက်အနည်းငယ်အကြာတွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာအသစ်ကို ထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် ဆိုးလ်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ဖော်ပြထားသည်။ အင်ဒို-ပစိဖိတ်ဒေသတွင် မဟာဗျူဟာပြောင်းလဲမှုများ အလျင်အမြန် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသောကြောင့် အခြားသော နိုင်ငံများအနေဖြင့်လည်း အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဖော်ထုတ်မှုကို ပိုမိုထောက်ခံလာဖွယ်ရာရှိသည့်အပြင် ကိုယ်ပိုင်အင်ဒို-ပစိဖိတ် မဟာဗျူဟာများကိုလည်း ဖော်ဆောင်လာနိုင်သည်။

တိုင်းပြည်၏ပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာ တင်းမာမှုများ မြင့်တက်လာလျက်ရှိသည့်အပြင် အာရှ-ပစိဖိတ်ဒေသတွင်လည်း တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးထွားလာမှုနှင့် မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများကြောင့် ဂျပန်နိုင်ငံ၏ဝန်းကျင်သည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်ဟု တိုကျိုက ရှုမြင်လျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာများ ပြောင်းလဲကျင့်သုံးလာသည့်အပြင် ကာကွယ်ရေးအသုံးစရိတ်ကိုလည်း လက်ရှိအသုံးပြုလျက်ရှိသော GDP ၏ တစ်ရာခိုင်နှုန်းမှသည် နှစ်ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Japan's New Strategic Direction by The Diplomat.

**ဝင်းဇင်(သုတေသန)**

# မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညှင်း ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ဆီထွက်သီးနှံနေကြာစိုက်ပျိုးထားမှုအခြေအနေများကို ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ညောင်ကုန်းကျေးရွာ၌ ဆီထွက်သီးနှံနေကြာစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ညောင်ကုန်းကျေးရွာ၊ နန့်လှိုင်ကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ညောင်ကုန်းကျေးရွာ၌ တောင်သူ ၅၈ ဦးက နေကြာဧက ၃၅၀ စိုက်ပျိုးထားရှိပြီး တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။ **ရဲဝင်းကို**



# အထွတ်အမြတ် မြန်မာရုပ်သံဇာတ်လမ်းတိုကို Rose Home TV YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်



**ရန်ကုန် ဇန်နဝါရီ ၆**

သရုပ်ဆောင်သစ် မင်းခန့်ထည်နှင့် သရုပ်ဆောင် မေမီကိုကိုတို့ပါဝင်သည့် အထွတ်အမြတ် မြန်မာရုပ်သံဇာတ်လမ်းတိုကို Rose Home TV You Tube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြ၍ သိရသည်။

အဆိုပါ အထွတ်အမြတ် မြန်မာရုပ်သံ ဇာတ်လမ်းတိုကို စာရေးဆရာမ ယွန်းသခင်က ဇာတ်လမ်းဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကျော်နှင်းဆီက Rose Home TV YouTube Channel အတွက် ပုံဖော် ရိုက်ကူးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကတော့ သရုပ်ဆောင်သစ် မင်းခန့်ထည် အဓိက ပါဝင်ထားတဲ့အတွက် သူ့ကို ပံ့ပိုးနိုင်ဖို့ MRTV-4 မြန်မာရုပ်သံ ဇာတ်လမ်းတွဲတွေနဲ့ နာမည်ရလာတဲ့ သရုပ်ဆောင် မေမီကိုကိုကို တွဲဖက်ပေးထားပါတယ်။ အလားတူ သရုပ်ဆောင် ညီဂျော်၊ စိုးမိုးကြည်တို့လို နာမည်ရဇာတ်ပို့တွေနဲ့ အားဖြည့်ထားပါတယ်။ မူရင်းဝတ္ထုရှည်ကြီးကို ဇာတ်လမ်းတိုဖန်တီးထားတဲ့ မူလအရသာမပျက်အောင်ရယ် ဇာတ်လမ်းက သားကိုချစ်လွန်းတဲ့အတွက် တမလွန်ဘဝကနေ စောင့်ရှောက်နေတဲ့ မိခင်မေတ္တာကို ပုံဖော်ထားတာဖြစ်တဲ့အတွက် ဇာတ်လမ်းပေါ်လွင်အောင် ကြိုးစားထားပါတယ်"ဟု ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြသည်။

အထွတ်အမြတ် မြန်မာရုပ်သံ ဇာတ်လမ်းတိုကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ဇန်နဝါရီ ၁ ရက်က စတင်ရိုက်ကူးနေခြင်းဖြစ်ပြီး အဆိုပါ မြန်မာရုပ်သံဇာတ်လမ်းတိုကို Rose Home TV You Tube Channel တွင် သာမက Rose Entertainment Facebook Page တွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဒစ္စနီးကုမ္ပဏီက ၂၀၂၂ ခုနှစ်အတွင်း ဝင်ငွေအများဆုံးရုပ်ရှင်ကုမ္ပဏီအဖြစ် ရပ်တည်

**နယူးယောက် ဇန်နဝါရီ ၆**

နိုင်ငံတကာရုပ်ရှင်ကုမ္ပဏီကြီးများအနက် ဒစ္စနီးကုမ္ပဏီသည် ၂၀၂၂ ခုနှစ်အတွင်း ရုပ်ရှင်ဈေးကွက် ဝင်ငွေအများဆုံး ရုပ်ရှင်ကုမ္ပဏီအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဒစ္စနီးကုမ္ပဏီ ရုပ်ရှင်ဇာတ်ကားများ၏ ၂၀၂၂ ခုနှစ် နိုင်ငံတကာ ဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံထိ ရှိခဲ့ပြီး ပြည်တွင်းဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ ရှိခဲ့သည်။

ဒစ္စနီးကုမ္ပဏီသည် ၂၀၂၂ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း ၁၆ ကားထိ ရုံတင်ပြသခဲ့ပြီး ၂၀၂၂ ခုနှစ်၏ ပြည်တွင်းနှင့် ပြည်ပ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကား ၁၀ ကားအနက် လေးကားမှာ ဒစ္စနီးကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

ဒစ္စနီးကုမ္ပဏီက ၂၀၂၂ ခုနှစ်အတွင်း ထုတ်လုပ်ပြသခဲ့သည့် ဇာတ်ကားများထဲတွင် Avatar: The Way of Water နှင့် Black Panther: Wakanda Forever တို့လည်း ပါဝင်သည်။ KKO





# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို ဆန်၊ ဆီနှင့် စားသောက်ကုန်များ ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်ထိ ပံ့ပိုးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းထားသော ဆန်၊ ဆီနှင့် စားသောက်ကုန်များကို (၁၁) ကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၉ ရက်မှ ဇန်နဝါရီ ၁၄ ရက်ထိ ပံ့ပိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုသို့ ပံ့ပိုးပေးရာတွင် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီ မိနစ် ၃၀ ထိ အုပ်ချုပ်၊ ဖြန့်ချိအလွှာမှ အစည်းအရုံးဝင်များ၊ ညနေပိုင်းတွင် သရုပ်ဆောင်၊ ဒါရိုက်တာအလွှာမှ အစည်းအရုံးဝင်များ၊ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ဇာတ်ညွှန်း၊ ထုတ်လုပ်သူအလွှာမှ အစည်းအရုံးဝင်များ၊ ညနေပိုင်းတွင် တည်းဖြတ်၊ နောက်ခံတေးဂီတအလွှာမှ အစည်းအရုံးဝင်များ၊ ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စက်မှုအလွှာမှ အစည်းအရုံးဝင်များ၊ ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဇာတ်ပို့၊ ဇာတ်ရံအလွှာမှ အစည်းအရုံးဝင်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။



(၁၁)ကြိမ်မြောက်ပံ့ပိုးမှုကို တွေ့ရစဉ်။

"အစည်းအရုံးအနေနဲ့ကတော့ ဆန်၊ ဆီ၊ စားသောက်ကုန် ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းထားတဲ့ ဆန်တွေကိုလဲ သူ့အလွှာအလိုက် အစည်းအရုံးဝင်အားလုံးကို တစ်ယောက်မကျန် ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒ့ပြင် ရုပ်ရှင်လောကသားတွေကို နိုင်ငံတော်က လှူဒါန်းထားတဲ့ ငွေကျပ်သိန်း ၁၅၀ ထဲကနေပြီးတော့ တစ်ယောက်ကို ငွေကျပ် ၁၀၀၀၀ စီ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ အရင်ပေးအပ်နေကျပုံစံအတိုင်း ကိုယ်စားခွင့်ပြုမှာမဟုတ်သလို အစည်းအရုံးဝင်ကတ်တွေ ယူဆောင်လာဖို့လိုပါမယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။ ASH

# Ocean's Eleven ဇာတ်ကားကို ယခုနှစ်အတွင်း ရိုက်ကူးထုတ်လုပ်မည်

**နယူးယောက် ဇန်နဝါရီ ၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် ၁၉၆၀ ပြည့်နှစ်အတွင်း ကျော်ကြားခဲ့သော Ocean's Eleven ဇာတ်ကားကို ယခုနှစ်အတွင်း စတင်ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Ocean's Eleven(1960) သည် Ocean's ဇာတ်ကားများ၏ ပထမဆုံးဇာတ်ကားဖြစ်သည်။

Ocean's Eleven(1960) ကို ပြန်လည်ဆန်းသစ်ထားမည့် Ocean's Eleven ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်မတ်လအတွင်း ဥရောပ၌ စတင်ရန်စီစဉ်ထားကြောင်း ဝါနာဘရားသားကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဇာတ်ကား၌ မင်းသား ရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး မားဂေါ့ရော့ဘီတို့ ဦးဆောင်ပါဝင်မည်ဖြစ်ကြောင်းလည်း ဝါနာဘရားသားကုမ္ပဏီကြေညာချက်၌ အတည်ပြုထားသည်။

Ocean's Eleven ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကာရီဆော်လမွန်က ရေးသားပေးထားပြီး ဒါရိုက်တာ ဂျေးရော့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Ocean's Eleven ဇာတ်ကားများအနက် နောက်ဆုံးထုတ်လုပ်ရိုက်ကူးခဲ့သော ဇာတ်ကားမှာ Ocean's Eleven(2001) ဇာတ်ကားဖြစ်ကြောင်း သိရသည်။KKO




# သရုပ်ဆောင် သဲနော်ဇာမိသားစုက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မိသားစုများကို ကြာဆံကြော်ဘူး ၂၀၀ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဝင်ငွေနည်းမိသားစုများကို သရုပ်ဆောင် သဲနော်ဇာမိသားစုက ကြာဆံကြော်ဘူး ၂၀၀ ကို ယနေ့နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် သဲနော်ဇာက ပြောပြ၍ သိရသည်။

သရုပ်ဆောင် သဲနော်ဇာနှင့် ခင်ပွန်းဖြစ်သူ ကိုဝင်းဆွေမိသားစုက ယခုနှစ်တွင် အပတ်စဉ်အလှူအဖြစ် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၇) ရပ်ကွက်ရှိ ဝင်ငွေနည်းမိသားစု ၂၀၀ ကို ကြာဆံကြော်ဘူး ၂၀၀ လှူဒါန်းခဲ့ကြောင်း၊ အဆိုပါလှူဒါန်းမှုအတွက် ငွေကျပ်သုံးသိန်းကုန်ကျကြောင်း သိရသည်။

"မနှစ်ကတည်းက မြို့နယ်စုံမှာ ဝင်ငွေနည်းမိသားစုတွေကို အပတ်စဉ် ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းကြော် တစ်ပတ်ကို ဘူး ၂၀၀ စီ တစ်လ လေးကြိမ်၊ ငါးကြိမ် လှူဒါန်းခဲ့ပါတယ်။ အခုလပထမပတ်အနေနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၇) ရပ်ကွက်မှာ လှူဒါန်းခဲ့တာပါ။ နောက်တစ်ပတ်ဆိုရင် အခြားမြို့နယ်တွေမှာ ထပ်လှူအုံးမှာပါ"ဟု သရုပ်ဆောင် သဲနော်ဇာက ပြောပြသည်။

သရုပ်ဆောင် သဲနော်ဇာမိသားစုက ၂၀၂၂ ခုနှစ်ကလည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တို့ရှိ ရပ်ကွက်တချို့တွင် ဝင်ငွေနည်းမိသားစု ၁၂၀၀ ခန့်ကို အပတ်စဉ် အာဟာရဒါနအလှူအဖြစ် ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Union ministers, Nay Pyi Taw Council chairman, chief ministers of regions and states, and chairmen of self-administered division and self-administered zones



Senior General Min Aung Hlaing meets Union ministers, Nay Pyi Taw Council chairman, chief ministers of regions and states, and chairmen of self-administered division and self-administered zones.

**Nay Pyi Taw January 6**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met Union ministers, the Nay Pyi Taw Council chairman, chief ministers of regions and states, and chairmen of self-administered division and self-administered zones at his office here this morning.

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the SAC Joint Secretary, and SAC members were also present.

**The grand-sale Diamond Jubilee Independence Day ceremony is the inerasable milestone in history**

In his address, the Senior General said the successful holding of the Diamond Jubilee Independence Day ceremony is a milestone achieved by SAC and the government. Collective efforts have been made by all to reach the present situation amidst the many hardships, he said, and thanked the Union ministers, region/state chief ministers and chairmen of self-administered division and self-administered zones. The Senior General said he took pride in the achievement of the milestone that is inerasable.

**Political and national goals set for country's development**

The Senior General said the country regained independence 75 years ago. The Independence Day address openly informs the country and the world about the country's history and future goals. So, all must take the address seriously. Based on the experiences of the successive eras, the goal – firm establishment of genuine and disciplined multiparty democracy and setting up of a Union based on democracy and federalism – has been implemented.

Multiparty democracy will be the country's political system, and its administrative system will be a combination of democracy and federalism. It is an administrative system aspired by all the people of the country. Moreover, national prosperity and food sufficiency are set as the national goal.

Internal armed conflicts broke out when the country regained independence, and since then it has passed through bad and violent eras as well as fairly peaceful and stable periods. Internal armed conflicts have not ended yet. Hence, SAC has directed its efforts towards achieving internal peace that is essential for national prosperity. The restoration of internal peace is also included in the five-point roadmap. All must strive with zeal and unyielding spirit to bring prosperity to the country, as a wealthy country has many more opportunities for development. But the task needs a lot of patience and magnitude.

With regard to democratic administration and federalism, democracy is based on desire of the majority and it needs to emphasize the desire of the majority. As the desire of the minority was neglected once, some different attitudes happened in the country, causing deterioration of unity. So, everybody needs to thoroughly understand the democratic system.

Likewise, federalism administration needs to fairly cover all managements including regionwise administration, judicial and legislative measures. All regions and states and self-administered regions have to enjoy equal terms of rights. To do so, drawing the laws has been agreed in principle for all regions and states. All things must be done under the State Constitution. Likewise, good chances have been created for development undertakings of regions and states. So, achievements could be secured due to utilize the authority. In measures of rule of law, regions and states made concerted efforts for soonest stability. So, they all need to continue their functions to be firm process of rule of law in the future.

**Efforts for development of State economy**

Since the time of the Tatmadaw government, it had paved the way for market economic system for development of the State economy. In 2011 when the democratic system was initiated, the market economic system was also realized. In the first government term, the State GDP increase rate hit 8.4 per cent. In the second term, the rate declined to 3.2 per cent. It is necessary to observe the root cause of the decline in the economic sector. It can be assumed that it was because the country too much relied on foreign aid with lack of encouragement to local economy and weakness in management system. Since its establishment, the State Administration Council faced decline of economic in the past government term, outbreak of Covid-19 and global economic crises. So, the GDP rate declined to -5.9 per cent. But, the government made efforts for controlling the Covid-19 and encouraging the local businesses. As a result, in the first six-month period of 2021-22 fiscal year, the government grasped +2.4 per cent of GDP growth rate. In the second hand of the fiscal year, the country possessed 3.4 per cent of GDP rate. It depended on encouragement to local businesses, utilization of natural resources, agriculture, livestock and forestry sectors as well as human resources. Hence, all need to take experiences to be applied for economic development of the nation.

**Political progress and political objectives**

With regard to the politics, Myanmar realized the democratic system in 2011. In the first multiparty general elections, the National League for Democracy did not participate in it. But, the first democratic government allowed NLD in the political path with easing the electoral rules and regulations. In 2012 by-election, NLD reached the political way again. But, the suspected events in the 2020 election showed the voting frauds in the inspection.

The Senior General recounted that recounted that in his assumption of the duties of the Commander-in-Chief of Defence Services, he had pledged to path of multiparty democratic system. Tatmadaw is responsible for protecting the Constitution (2008). Tatmadaw has agreed to amend the necessary points of the Constitution (2008) but it should not harm the Our Three Main National Causes. In the Our Three Main National Causes: Non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty, the sovereignty is derived from the people. If the country does not have infirm sovereignty, the country will face external and internal conflicts. So, Tatmadaw is upholding the Our Three Main National Causes as the national objectives. If everybody read the constitution, they can see the constitution is based on these three points.

Vote rigging in the 2020 elections had our country's emerging democracy nipped in the bud, and it had gone down to bad history. It is necessary to prevent such a situation from further happening.

We have to work hard to reach the normal status to realize the two political objectives without fail. Speaking about the normal situation, we must try to reach the situation not lower than that in 2011 or 2016, or a much better situation, if possible. Only then will be able to give our guarantee to the State. Therefore, responsible officials, Union ministers, region/state chief ministers and chairmen of the self-administered zones need to work hard without an unyielding spirit.

I have already talked about the 2020 election results. Voter lists have changed repeatedly. The final lists totalled 38.27 million. Calculating the lists based on those of 2015, the comparison between the population at that time and that in 2020 is not possible at all. Myanmar's annual population rate is just about 0.85.

When we started assuming State duties, officials met with Hluttaw representatives from Nay Pyi Taw Guest-house for their help to solve the problem in accord with the law. However, they failed and chose a path to terrorism. It is also a grave mistake. In democracy, everything must be solved within the framework of law. Electoral fraud is a bloodstain as well. Acting beyond the law led to acts of violence and terrorism. We are handling the situation in accord with the law. Responsible officials and chief ministers should review the situation so as to know it considerably and take a lesson.

*See Page 13*

*From Page 12*

The region/state chief ministers, leading committee chairmen and self-administer zone chairmen in attendance are urged to present their tasks and activities in an efficient manner and requirements in the interests of their own regions and the whole country.

Next, the Nay Pyi Taw Council chairman, region/state chief ministers, and self-administer zone chairmen reported on regional development tasks, measures for regional peace and stability and the rule of law, progress in completion of the Pankhin project, measures for MSME development, agricultural and livestock breeding undertakings for regional sufficiency, improvement of education and health standard, river-water pumping projects for agricultural purposes through solar power, and regional investments and employment situations.

The Union ministers for their part reported on loan disbursements for national economic growth, the need to supervise the spending of State budgets in accord with the existing rules, disciplines and procedures, measures for full supply of electricity, on-ground checks for correct voter lists and cooperation necessary for the success and correctness, trade progress, the need to extend cultivation as the export of beans and pulses continues, legal affairs, the need for vehicles to change their number plats, appointment of more education staff if necessary, data availability at the websites of the Ministry of Industry for necessary facts for MSME development, the need for systematic control of border points as the Covid-19 virus can spread, formation of people's security forces and the need to follow the law for association registration. SAC Joint-Secretary Lt-Gen Ye Win Oo reported on bomb attacks and killings of innocent monks and civilians by the NUG and CRP, which have been declared as terrorist organizations, and their proxies such as PDFs and some armed groups, and measures by security forces for State peace and stability.

In response to the presentations, the Prime Minister, in his supplementary order, said that the exchange of car registration plates is related to security issues and needs to be done as soon as possible. In the same way, it was observed that traffic rules and regulations are not followed well. Regarding education, KG+9 is set as the minimum educational goal of the state. Regarding private schools, they are being opened with the approval of the Ministry of Education, MIC and the Ministry of Social Welfare, Relief and Resettlement. Whoever allowed the permission to open them, it is necessary to pay attention to the country's terms and conditions, and the cultures and carry out systematic and step-by-step verification in the registration of associations.

In some areas, there is a problem with drinking water in the summer. Rainwater can be conserved. In some areas, it was found that they store rainwater and use it throughout the year. We want the respective authorities to carry out what they can in accord with their own programs in respective regions and states to get water. The Chief Ministers need to make efforts to get enough food and to use agricultural water beneficially. It will be very beneficial if we take action to improve the yield per acre in order to meet the goals for agriculture.

The price of fuel is rising, and we have to import a lot of fuel every year. Therefore, it is necessary to reduce fuel consumption and give priority to use public transportation. It is necessary to work on the production of electricity according to regions and states, and to obtain sufficient agricultural water needed for similar agricultural activities, it is needed to use solar energy to produce electricity.

They need to think long-term plan to build sports stadiums and grounds. It needs to be a high-level gymnasium. The Chief Ministers need to do it in a systematic way and to consider about the population according to the regions and states.

Food is important for every human being. Therefore, in order to provide enough food for states and regions that have a need for rice, meat and fish, we must ensure that we can produce enough agricultural products. All our citizens need to be able to eat enough food. Therefore, according to the relevant regions and states, the officials need to make efforts to ensure self-sufficiency of rice, meat and fish and to be able to sell them to the people at low prices.

Then, in his closing speech, the Prime Minister, said that only people with abilities were appointed to the government, so they overcame many difficulties and were able to serve successfully. Therefore, we need to continue to make efforts in the remaining period. For the development of MSME businesses, we are visiting regions and states to meet the relevant officials and encourage them. The MSME industry is very important for the development of the country's economy. A total of 70 percent of our country's population lives in rural areas and most of them work in agriculture. Therefore, if domestic products based on agricultural products can be made, it will greatly contribute to rural development. If MSME businesses develop, they will be able to replace foreign imports, and through this, they will be able to produce good quality domestic products and export them abroad. If we can produce products that can be produced locally and reduce imports from abroad, it will help the country a lot.

If livestock farming is systematically carried out, that will be helpful to domestic consumption and the volume of export items as well. Besides, it will help fulfill demand for bio-fertilizer needed for the agricultural industry and be of much help to MSMEs to make earnings. It is necessary to systematically carry out livestock farming regionally as it is of much help to regional and national economic development.

Regarding utilization of water, it is necessary to save and conserve freshwater and to reasonably utilize it as much as needed. As regards the water, it is to carry out tasks to make the environment green. Regions and ministries concerned are to carry out tasks to have trees in the places where trees and forests should be. Besides, cleanness and tidiness is important too. It is necessary to ensure personal hygiene and tidy dress and clean and beauty of his or her region and nation as well. Living and wearing smart in each of everyone shows the dignity and discipline of a nation. If our nation is beautiful and pleasant having good transport and communications and food, the tourism industry will grow, which means that people at grassroots level will make more earnings and help the nation earn more income. It is necessary to promote domestic commodity production to ensure an increase in the nation's GDP and export volume. It is necessary to fight against illegal trade as well.

With regard to the election, taking a lesson from vote frauds that happened in 2020, it is to act to ensure a correct voters list. As the voters list released in 2015 is based on the census conducted in 2014, its data is precise. It is important for ensuring accurate data in the forthcoming election. Therefore, it is to take measures from now to ensure that the data will be correct and precise. If necessary, a nation-wide census will be conducted to ensure correct data.

**Vote or no vote at the time the election is being held is up to the wish of each person. It is the duty of a government to make arrangements for ensuring that everyone can vote.** As said in the speech delivered on the Diamond Jubilee Independence Day, individual citizens must be freed from unfairness such as threat, coercions, unfair inducement and mobbing to express their opinion. To put the election that could be tested, we have to make efforts. Chief Ministers of the regions and states need to take measures to make sure that voters list is correct and everyone could vote.

To do so, it is necessary to make efforts in the remaining time. As it is to further review the matter on election based upon the situation and developments, efforts must be made systematically. 100

# Migratory birds regularly arrive at Meiktila Lake and environs every cold season



Migratory birds seen at Meiktila Lake.

**Meiktila January 6**

Number of migratory birds arrive at Meiktila Lake and its surrounding areas in Mandalay Region in the cold season every year, and this year's arrivals of migratory birds arrive there as usual, said executive member U Soe Win Oo of Myanmar Bird Watcher Association (Meiktila).

"Those migratory birds arrive at the lake this cold season as of December 2022 as usual. They take positions at the northern part of the lake. Till today, their numbers are similar to those from last year. If the water level declines in the lake, the number of migratory birds will be seen vividly," he added.

This cold season, migratory birds hibernate the wetland areas in northern part of Nandawkon Ward, the wetland areas of Kalamakyunkyun, Okhnebok, Inpetlet and Kyaukphyugo villages in the northern part of the lake, Chinee gate in the southern part of the lake and Paukchaung circular road.

Yearly, some 20,000 migratory birds of about 40 species take shelter at the lake. Similar migratory birds can be seen at Indawgyi, Inlay, Leik, Taungthaman and Sunye lakes as well as Moeyungyi Lake in the country.

ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၃၈၂ ဧက စိုက်ပျိုးပြီးစီး



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆**

ရေဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၄၃၈၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံလျာထား ၄၃၈၂ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်းသီးနှံလျာထား ၄၃၈၂ ဧကပြည့်မီစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ စားဖိုဆောင်းသီးနှံတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့လို့ဖြစ်တယ်။ လက်ရှိ စားဖိုဆောင်းသီးနှံတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ စားဖိုဆောင်းသီးနှံ ၄၃၈၂ ဧကထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ စားဖိုဆောင်းသီးနှံတွေကို ကျေးရွာတော်တော်များများမှာ စိုက်ပျိုးခဲ့တယ်။ စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်နဲ့ သင်တန်းပို့ချဆောင်ရွက်ပေးခဲ့ပါတယ်။ စားဖိုဆောင်းသီးနှံကတော့ အစုစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ သီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ မြေသြဇာ စနစ်တကျသုံးစွဲတတ်စေဖို့ စတဲ့ လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ စားဖိုဆောင်းသီးနှံလျာထား ၄၃၈၂ ဧကတွင် ဆလတ်၊ ဂေါ်ဖီ၊ မုန်လာ၊ ငရုတ်၊ နံနံပင်၊ ပိန်းဥ၊ ကန်စွန်းဥ၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ ပဲပုစွန်း၊ ဘူးသီး၊ ရွှေဖရုံသီး စသည့်သီးနှံများကို ကျေးရွာ ၁၂ ရွာ၌ အများဆုံး စိုက်ပျိုးခဲ့ကြကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# နမ့်ခမ်းမြို့နယ် ကွန်လုံ-နောင်ကောင်-နောင်မ-မန့်ဟောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နမ့်ခမ်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွန်လုံ-နောင်ကောင်-နောင်မ-မန့်ဟောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကွန်လုံ-နောင်ကောင်-နောင်မ-မန့်ဟောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းထွန်းဦးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ် ကွန်လုံ-နောင်ကောင်-နောင်မ-မန့်ဟောင်းလမ်းတွင် အရှည် ၆ ဒသမ ၃၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၉၆ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် New Radiance Group ကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်တော့မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# စလင်းမြို့နယ် နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ချေးငွေရယူသူအသင်းသားများကို ယခုစက်ဝန်းတွင် မတည်လည်ပတ်ရန်ပုံငွေကို တစ်လလျှင် အတိုးနှုန်းပမာဏမှာ သုည ဒသမ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အရင်းဆပ်ကာလမှာ ၁၂ လဖြစ်ပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ဘဏ်သို့အချိန်မီပေးသွင်းရမည်ဖြစ်ကြောင်း၊ တိုးပွားလာသော အတိုးငွေများ၏ ၅၀ ရာခိုင်နှုန်းကို မိမိတို့ရပ်ရွာတွင်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာရန်ပုံငွေကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာရန်ပုံငွေကော်မတီဝင်များက မြို့နယ်တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု ၁၁၁ စု အတွက် ငွေကျပ် ၄၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

**စာမျက်နှာ ၁၇ မှအဆက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ ပန်းခြင်းစီမံချက်ဆောင်ရွက်ပြီးစီးမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအားပေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက်ဝမ်းစာဖူလုံမှုရှိစေရေးစိုက်ပျိုးထုတ်လုပ်နေမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်နေမှု၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ခြင်း လုပ်ငန်းများဖြင့်မြစ်ရေတင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုနှင့်အလုပ်အကိုင်ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးရေးချေးငွေများထုတ်ချေးပေးမှု၊ နိုင်ငံ့ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသုံးစွဲရန်နှင့် စိစစ်ကြပ်မတ်ရန်လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုတွင် သွင်းကုန်ပို့ကုန်များတိုးတက်လာမှုနှင့် ပဲမျိုးစုံတင်ပို့မှုကိုဆက်လက်တင်ပို့နိုင်သဖြင့် ပဲစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဥပဒေရေးရာကိစ္စရပ်များ၊ မော်တော်ယာဉ်များ၏ နံပါတ်ပြားများလဲလှယ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်မှု၊ ပညာရေးဝန်ထမ်းများ လိုအပ်ချက်ရှိပါကထပ်မံခန့်အပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် လုပ်ငန်းလမ်းညွှန်များကို စက်မှုဝန်ကြီးဌာနမှပြုစုထားသည့် အင်တာနက်စာမျက်နှာများတွင် အချိန်မရွေးကြည့်ရှုလေ့လာနိုင်မှု၊ နယ်စပ်ဒေသများနှင့်နယ်စပ်ဝင်ပေါက်နေရာများမှ ကိုဗစ်-၁၉ ကူးစက်မှုများဝင်ရောက်လာနိုင်သဖြင့် နယ်စပ်ဒေသမှဝင်ရောက်မှုများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ပေးရန် လိုအပ်မှု၊ ပြည်သူ့လုံခြုံရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်မှု၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကိုဆောင်ရွက်ရာတွင် ဥပဒေအတိုင်းဆောင်ရွက်ရန်လိုအပ်မှုတို့ကိုရှင်းလင်းတင်ပြကြပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက နိုင်ငံတော်အတွင်း အကြမ်းဖက်အဖွဲ့အဖြစ်ကြေညာထားသည့် NUG နှင့် CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အချို့သောလက်နက်ကိုင်အဖွဲ့များက နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးမှုနှင့်အပြစ်မဲ့သံဃာတော်များ၊ ပြည်သူများနှင့်ဝန်ထမ်းများကို အကြောင်းမဲ့သတ်ဖြတ်ခဲ့မှုနှင့်နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် **ကားမှတ်ပုံတင်နံပါတ်ပြားများလဲလှယ်ခြင်းသည် လုံခြုံရေးကိစ္စရပ်များနှင့်သက်ဆိုင်သဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုအားနည်းနေသည်ကိုလည်းတွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ **KG + 9 ကို နိုင်ငံတော်၏အနိမ့်ဆုံး ပညာရေးရည်မှန်းချက်အဖြစ်ထားရှိ**ကြောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့်ပတ်သက်၍ အဆိုပါကျောင်းများသည် ပညာရေးဝန်ကြီးဌာန၊ MIC နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့်ဖွင့်လှစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မည်သည့်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သည်ဖြစ်စေ မိမိတို့နိုင်ငံ၏စည်းကမ်းသတ်မှတ်ချက်များ၊ ယဉ်ကျေးမှုများကို အလေးထားလိုက်နာရန်လိုကြောင်း၊ **အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အဆင့်ဆင့်စိစစ်ဆောင်ရွက်ရန်လို**ကြောင်း။

အချို့သောဒေသများတွင် နွေရာသီ၌ သောက်သုံးရေများအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးရေကိုထိန်းသိမ်း၍ ဆောင်ရွက်နိုင်ကြောင်း၊ အချို့သောဒေသများတွင် မိုးရေကိုခံယူ၍ တစ်နှစ်ပတ်လုံးသုံးစွဲကြသည်ကိုတွေ့ရှိရကြောင်း၊ ရေရရှိရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မိမိတို့အစီအစဉ်ဖြင့်ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ စားရေရိက္ခာလုံလောက်စွာရရှိရေးအတွက် ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး စိုက်ပျိုးရေများကိုလည်းအကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ **စိုက်ပျိုးရေးအတွက် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်တစ်ဧကအထွက်နှုန်း တိုးတက်စေရန်ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်**ကြောင်း။

စက်သုံးဆီဈေးများမှာ မြင့်တက်လျက်ရှိပြီး မိမိတို့အနေဖြင့် နှစ်စဉ်စက်သုံးဆီများများစွာတင်သွင်းနေရကြောင်း၊ ထို့ကြောင့် **စက်သုံးဆီသုံးစွဲမှုများကို လျှော့ချရန်နှင့် Public Transportation ကို ဦးစားပေးသုံးစွဲကြရန်လို**ကြောင်း၊ **တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လို**ကြောင်း၊ အလားတူစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက်လည်း **နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဖြင့် အသုံးပြု၍ဆောင်ရွက်ကြစေလို**ကြောင်း။

အားကစားရုံနှင့် အားကစားကွင်းများတည်ဆောက်ရာတွင် အရှည်ကိုမြော်တွေး၍ဆောင်ရွက်ကြစေလိုကြောင်း၊ အဆင့်မီသည့်အားကစားရုံများဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူဦးရေကိုမြော်တွေး၍ ဆောင်ရွက်ကြစေလိုပြီး ဝန်ကြီးချုပ်များအနေဖြင့် စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း။

စားရေးသည် လူသားတိုင်းအတွက်အရေးကြီးကြောင်း၊ ထို့ကြောင့် စားရေးအတွက်လိုအပ်ချက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် ဆန်နှင့်အသား၊ ငါးများဖူလုံရန်အတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားအားလုံး စားရေရိက္ခာဖူလုံစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဒေသအလိုက် ဆန်နှင့်အသား၊ ငါးများဖူလုံမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့တွင် လုပ်နိုင်ကိုင်နိုင်သူများကိုသာ ခန့်အပ်ထားခြင်းဖြစ်သည့်အတွက် အခက်အခဲအကျပ်အတည်းများစွာကိုကျော်ဖြတ်၍ အောင်မြင်စွာတာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့်ကာလကိုလည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့သွားရောက်တွေ့ဆုံအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် ပြည်တွင်းထုတ်ကုန်များကိုဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်ဖွံ့ဖြိုးမှုများကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ထုတ်လုပ်နိုင်သည့် ထုတ်ကုန်များကိုထုတ်လုပ်၍ ပြည်ပမှသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူမည်ဆိုပါက ပြည်တွင်းစားသုံးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များကိုလည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေဩဇာများကိုလည်း ရရှိစေမည်ဖြစ်သကဲ့သို့ MSME လုပ်ငန်းများကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး ဝင်ငွေများရရှိမည်ဖြစ်ကာ ဒေသတွင်းနှင့်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်၍ ဒေသအလိုက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ အဖိုးတန်ရေချိုကို ချွေတာသုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိရှိဖြင့် လိုအပ်သည့်ပမာဏကိုသာ အသုံးချရန်လိုကြောင်း၊ ရေနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောရှိရမည့်နေရာတွင် သစ်ပင်ရှိစေရေး သက်ဆိုင်ရာဒေသနှင့် ဝန်ကြီးဌာနများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးသည်လည်း အရေးကြီးကြောင်း၊ တစ်ဦးချင်း၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ သပ်ရပ်စွာဝတ်စားဆင်ယင်တတ်မှုမှသည် မိမိမြို့နယ်၊ မိမိဒေသ၊ မိမိတိုင်းပြည်တစ်ခုလုံးအထိ သန့်ရှင်းသာယာလှပနေရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ သန့်ရှင်းသပ်ရပ်စွာနေထိုင်တတ်မှုသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သာယာလှပပြီး ပို့ဆောင်ဆက်သွယ်ရေး၊ အစားအသောက်များအားလုံး ကောင်းမွန်နေမည်ဆိုပါက ခရီးသွားလုပ်ငန်းသည်လည်း တိုးတက်လာပြီး အခြေခံလူတန်းစားများ၏ ဝင်ငွေများတိုးတက်လာကာ ထိုမှတစ်ဆင့် နိုင်ငံ့ဝင်ငွေသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ **နိုင်ငံ၏ GDP တိုးတက်ရေးအတွက် နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်မှုနှင့် ပို့ကုန်အဆင့်မြှင့်တင်နိုင်ရန်လို**ကြောင်း၊ **တရားမဝင်ကုန်သွယ်မှုများကိုလည်း တိုက်ဖျက်နိုင်ရန်လို**ကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူပြီး မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မဲစာရင်းသည် ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းပေါ်တွင်မူတည်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာရင်းဇယားတိကျမှုရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စာရင်းဇယားမှန်ကန်စေရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းဇယားများ မှန်ကန်မှု ရှိစေရေး ယခုအချိန်ကတည်းကပင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူ၍ စာရင်းဇယားများတိကျမှန်ကန်မှုရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပချိန်တွင် **မဲပေးခြင်း မပေးခြင်းသည် လူတစ်ဦးချင်း၏ဆန္ဒဖြစ်ပြီး လူတိုင်းမဲပေးနိုင်အောင်ပြုလုပ်ပေးခြင်းသည် အစိုးရ၏တာဝန်ပင်ဖြစ်**ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှုကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ဆန္ဒကို ဖော်ထုတ် မဲပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မဲစာရင်းများတိကျမှန်ကန်ရေး၊ လူတိုင်းမဲပေးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း။

၎င်းကိစ္စများဆောင်ရွက်နိုင်ရန် ကျန်ရှိသည့်အချိန်တွင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်ပေါ်လာသည့်အခြေအနေနှင့် တိုးတက်မှုများအပေါ်မူတည်၍ ရွေးကောက်ပွဲကိစ္စကို ထပ်မံသုံးသပ်ရမည်ဖြစ်သဖြင့် စနစ်တကျအားထည့်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒအတိုင်း ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အနည်းစု၏ဆန္ဒကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်၊ အများ၏ဆန္ဒဆိုတိုင်း လူနည်းစု၏ဆန္ဒကိုပစ်ပယ်၍ ပြုမူလုပ်ဆောင်ခဲ့မှုများကြောင့် မိမိတို့နိုင်ငံတွင် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့သည်ကို သမိုင်းဖြစ်ရပ်များက ဖော်ပြနေ. . .

ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှုကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ဆန္ဒကို ဖော်ထုတ်မဲပေးနိုင်ရမည်ဖြစ်၊ ရွေးကောက်ပွဲကိုမှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မဲစာရင်းများတိကျမှန်ကန်ရေး၊ လူတိုင်းမဲပေးနိုင်ရေးဆောင်ရွက်သွားရန်လို. . .

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ အထိမ်းအမှတ်ပြခန်းနှင့် အားကစားပြိုင်ပွဲများတွင် တက်ကြွစွာပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုသည့်အနေဖြင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် ကြုံခေါ်ကြုံခဲနေ့ထူးနေ့မြတ်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဘဝတစ်သက်တာတွင် ဂုဏ်ယူဖွယ်အဖြစ် ကျန်ရစ်နေမည်ဖြစ်ပါကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာန ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ အထိမ်းအမှတ်ပြခန်းနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စည်းကမ်းရှိရှိ စနစ်တကျညီညီညွတ်ညွတ် တက်တက်ကြွကြွဖြင့် ဆောင်ရွက်နိုင်မှုကြောင့် မိမိတို့ဝန်ကြီးဌာန၏ပုံရိပ်ကို များစွာမြှင့်တင်ပေးနိုင်ခဲ့သဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် အထောက်အကူပြုအဖွဲ့များမှ ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဖွဲ့အစည်းများဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် ရရှိသည့်အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံကောင်းများကိုရယူဆုပ်ကိုင်၍ နိုင်ငံတော်၏ယန္တရားများ ပိုမိုကောင်းမွန်စွာအရှိန်အဟုန်မြှင့်တင်လည်ပတ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စစ်ရေးပြတပ်ခွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ဖြိုးသန့်တို့က ဂုဏ်ပြုယာဉ်နှင့် အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ခံရသည့် ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုယာဉ်တွင် ပါဝင်ကပြခဲ့ကြသည့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ပြိုင်ပွဲဝင်အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသောဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေပေးချေမှုနည်းလမ်းအမျိုးမျိုး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သော ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ကို အများပြည်သူများ သိရှိအသုံးပြုမှုများပြားလာစေရေးနှင့် ငွေသားသုံးစွဲမှုလျှော့ချနိုင်ရေး အစဉ်ကြိုးပမ်းလျက်ရှိရာ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကာလအတွင်း အခမ်းအနားကျင်းပရာနေရာများတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့်ပေးချေနိုင်ရေး ဘဏ်များ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဦးဆောင်မှုဖြင့် အများပြည်သူများ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ကို တွင်ကျယ်စွာအသုံးပြုလာနိုင်စေရေး နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် (၄-၁-၂၀၂၃)ရက်မှစတင်ပြီး ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် Nature Link Pay Company Limited(Trusty E-Commerce) နှင့် Zego Pay Company Limited(ZegoMoney)တို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲများကျင်းပရာနေရာတွင်လည်းကောင်း၊ ရာဝတီဘဏ်လီမိတက်(AYA Pay)နှင့် မြန်မာနိုင်ငံသားများဘဏ်(Citizen Pay)တို့က စိန်ဒေါင်းစတိုးတွင်လည်းကောင်း၊ မိုဘိုင်းငွေပေးချေမှုလုပ်ငန်းဆောင်ရွက်နေသော ကမ္ဘောဇဘဏ်လီမိတက်(KBZPay)၊ ရာဝတီဘဏ်လီမိတက်(AYA Pay)၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(One Pay)၊ ရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်(A+Wallet)၊ မြန်မာနိုင်ငံသားများဘဏ်(Citizen Pay)၊ CB Bank PCL (CB Pay)၊ uab Bank Limited (uab pay)၊ ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (MoMoney)နှင့် Internet Wallet Myanmar Limited (OK$) တို့က Junction Center တွင်လည်းကောင်း လက်ဆောင်များပေးခြင်း(Gift Voucher)၊ အရောင်းမြှင့်တင်ခြင်း (Promotion)များဆောင်ရွက်ခြင်း၊ အသုံးပြုမှုဆိုင်ရာအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး (၈-၁-၂၀၂၃) ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ခေတ်မီပြီး လုံခြုံစိတ်ချရ၍ စွမ်းဆောင်ရည်ပြည့်ဝသော ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တစ်ရပ် ပိုမိုအသုံးပြုလာနိုင်ပြီး လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# တပ်မတော် တပ်ရင်း၊တပ်ဖွဲ့ အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇန်နဝါရီ ၆**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပုဗ္ဗသီရိတပ်နယ် နယ်မြေခံသင်တန်းကျောင်း၌ အရာရှိ၊စစ်သည်များနှင့် ဂုဏ်ပြုနေ့လယ်စာအတူတကွသုံးဆောင်စဉ်။



မြောက်ပိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မြစ်ကြီးနားတပ်နယ်ရှိ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များ၌ အရာရှိ၊စစ်သည်များနှင့် ဂုဏ်ပြုနေ့လယ်စာအတူတကွသုံးဆောင်စဉ်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဂိုတာဘာယာရာဇပက်ချ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့၊ ပြည်သူများနှင့် မိမိ၏ကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖော်ပြလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာတည်ရှိခဲ့သည့် တူညီသော ယဉ်ကျေးမှုစံနှုန်းများနှင့် ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမများအပေါ် အခြေခံ၍ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် ကာလရှည်ကြာသော ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးရှိခဲ့သည်ကို ဝမ်းမြောက်စွာဖော်ပြလိုပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များတွင် နှစ်နိုင်ငံရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာလာစေမည်ဟု မိမိအနေဖြင့် ခိုင်မြဲစွာယုံကြည်ပါသည်။

မြန်မာပြည်သူများ ငြိမ်းချမ်းပျော်ရွှင်သာယာဝပြောပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအလီဆာဘရီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား လေးနက်ခိုင်မာသည့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတူညီမှုများကိုအခြေခံ၍ ကာလရှည်ကြာစွာတည်ရှိခဲ့သည့် ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ နှစ်နိုင်ငံအကျိုးအမြတ်ရရှိစေရန်အတွက် ဘုံစိတ်ဝင်စားသည့် နယ်ပယ်များတွင် နီးကပ်စွာဆက်နွယ်မှုနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်လာစေရန်နှင့် တိုးတက်လာစေရန်အတွက် မျှော်လင့်မိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်းဖော်ပြလျက် မြန်မာပြည်သူများ အေးချမ်းပျော်ရွှင်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## ဇန်နဝါရီ ၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၅ ရက် ည ၈နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၆၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၅၃၃၇၀၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၅၀၈၃၄၁ ဦး |

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် ဇန်နဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်၊ ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား အမျိုးသား၊ အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅ ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်။ ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း ၂၅-၂၆လမ်းကြား အောင်မြေသာစံမြို့နယ် စစ်ကိုင်းတန်းရပ် မန္တလေးမြို့။ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ် အထက်လမ်းမကြီးဘေး မော်လမြိုင်မြို့။
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက် စည်သူလမ်း ဘူတာအနီး တောင်ငူမြို့။
  ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂) ရှမ်းစုမြောက်ရပ်ကွက် မြစ်ကြီးနားမြို့။ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ ဖျာပုံ-ဘိုကလေးကားလမ်းဘေး ဖျာပုံမြို့။
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက် မင်းကြီးလမ်း ပုသိမ်မြို့။ ဖုန်း ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး) မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့။
  ဖုန်း- ၀၄၃-၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှောင်မြို့။ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄) ဆန်ချိအနောက်ကွင်း ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး။ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၇၀၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၀၀၈ ဦးကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အကျဉ်းထောင်တွင် အကျဉ်းသား၊ အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်တစ်ခုမှ အကျဉ်းသား၊ အချုပ်သား ဦးရေ ၇၀ ခန့်သည် ယနေ့နံနက်ပိုင်းတွင် အိပ်ဆောင်ဝင်းတံခါးများကို ချိုးဖျက်ဖျက်ဆီးခြင်း၊ အကျဉ်းဦးစီးဌာနဝန်ထမ်းများကို အော်ဟစ်ဆဲဆိုခြင်း၊ မချေမငံပြောဆိုခြင်း၊ ရန်မူရန်ကြိုးပမ်းလာခဲ့သဖြင့် အကျဉ်းဦးစီးဌာနဝန်ထမ်းများက မိမိအခန်းများသို့ အသာတကြည်ပြန်လည်ဝင်ရောက်ရန် ဖျောင်းဖျပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်အော်ဟစ် ဆူပူမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် အခြားအိပ်ဆောင်တစ်ခုမှ အကျဉ်းသား၊ အချုပ်သားအချို့ကလည်း ၎င်းတို့၏အိပ်ဆောင်များရှိ ဝင်းတံခါးများကို ဖျက်ဆီးခြင်း၊ CCTV များကို ဖျက်ဆီးခြင်း၊ အကျဉ်းထောင်အတွင်းရှိ စည်းကမ်းထိန်းရုံးသို့ သွားရောက်ရန်မူရန်ကြိုးစားလာကြပြီး ပထမဆူပူမှုဖြစ်ပွားနေသည့်အဆောင်ရှိ အကျဉ်းသား၊ အချုပ်သားများနှင့်ပူးပေါင်းကာ ဖျက်ဆီးမှုများကို အရှိန်မြှင့်ဆောင်ရွက်လာကြသည်။

ထိုသို့ ဆူပူအကြမ်းဖက်ဖြစ်စဉ်များကြောင့် အခြေအနေကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဝတီတိုင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစီး၍ တာဝန်ရှိသူဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်ကာ အကျဉ်းသား၊ အချုပ်သားများကို လူစုခွဲရန် ထပ်မံပြောကြားဖျောင်းဖျခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အိပ်ဆောင်ကွပ်ပျစ်များအား ရိုက်ချိုးထားသည့် သစ်သားချောင်းများ၊ အုတ်နီခဲများ၊ အင်္ဂတေခဲကျိုးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်မူတိုက်ခိုက်လာကြသဖြင့် ဆက်လက်ဖျောင်းဖျရန် အခြေအနေမရှိတော့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်ပြီး တုတ်၊ ဒိုင်းများ အသုံးပြုနှိမ်နင်းခဲ့ရကြောင်း၊ ဆူပူအကြမ်းဖက်မှုကိုထိန်းသိမ်းနေစဉ် အကျဉ်းသား၊ အချုပ်သားများအနေဖြင့် ၎င်းတို့အချင်းချင်း ခိုက်ရန်ဖြစ်ပွား ထိုးကြိတ်ရိုက်နှက်မှုများ ဖြစ်ပွားခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ထိန်းသိမ်းမှုကြောင့် ၁၁ နာရီခွဲခန့်တွင် အခြေအနေအား ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းကိုးဦး စုစုပေါင်း ၁၁ ဦး ဒဏ်ရာရရှိခဲ့ပြီး အချုပ်သားတစ်ဦးမှာ ၎င်းတို့အချင်းချင်းရိုက်နှက်မှုကြောင့် သေဆုံးခဲ့ကာ အကျဉ်းသား၊ အချုပ်သား ၆၃ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်စဉ်ပါ ပဏာမစိစစ်မှုအရ ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် အကျဉ်းသားတစ်ဦးထံမှ ကီးပက်ဖုန်းတစ်လုံးအား ရှာဖွေသိမ်းဆည်းရမိမှုအပေါ် လိုအပ်သလို အရေးယူနိုင်ရေးအတွက် ဆောင်ရွက်နေစဉ် ၎င်းဖြစ်စဉ်အပေါ် ကျေနပ်မှုမရှိခြင်း၊ အချင်းချင်းမြှောက်ပင့်၍ ရှန်းရင်းဆန့်ခတ်ဖြစ်အောင် ကြိုးပမ်းခဲ့ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။



အကျဉ်းသား၊ အချုပ်သားများ၏ ဆူပူအကြမ်းဖက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများကိုတွေ့ရစဉ်။





အကျဉ်းသား၊ အချုပ်သားများ၏ ဆူပူအကြမ်းဖက်မှုကြောင့် ပျက်စီးခဲ့မှုများကို တွေ့ရစဉ်။



အကျဉ်းသား၊ အချုပ်သားများ၏ ဆူပူအကြမ်းဖက်မှုကြောင့် အကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၇၈၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသား ၃ ဒသမ ၈၃၇၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၂၆၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၇၆၁၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၁၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားတာယာ၂၄ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၂၉၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၃ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲခုနစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၃၄၆၃၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်နေ ရွှေရည်ဦး(ခ) ရွှေရည်သည် ၎င်းအသုံးပြုသည့် "Shwe Ye" Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ မင်းသန့်ကျော်(ခ)မင်းသန့်သည် ၎င်းအသုံးပြုသည့် "Min Thant" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မက္ကဆီကိုနိုင်ငံတွင် ထရန်မာယန်မီးရထားလမ်းစီမံကိန်းကြောင့် သစ်တောပြုန်းတီးကာ ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်စေနိုင်ကြောင်း သုတေသီများသုံးသပ်



**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၆**

မက္ကဆီကိုနိုင်ငံတွင် ထရန်မာယန်မီးရထားစီမံကိန်းကို မက္ကဆီကိုအစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ၎င်းစီမံကိန်းမှာ မက္ကဆီကို စီးပွားရေးကဏ္ဍအတွက် အရေးပါသော်လည်း သစ်တောကြိုးဝိုင်းဒေသများကို ရှင်းလင်းခဲ့ရသောကြောင့် မက္ကဆီကို၏ သစ်တောကြိုးဝိုင်းဒေသများ ပျက်စီးဆုံးရှုံးကာ ရာသီဥတုဖောက်ပြန်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း မက္ကဆီကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက သုံးသပ်ခဲ့သည်ဟု SBS သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မက္ကဆီကိုအစိုးရက လမ်းပန်းဆက်သွယ်ရေးနှင့် လောင်စာတင်ပို့မှုများအတွက် ထရန်မာယန်မီးရထားလမ်းကို မဖြစ်မနေ အကောင်အထည်ဖော်ရန် လိုအပ်နေသလို ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်လေ့ရှိသည့် မာယန်ရှေးဟောင်းသမိုင်းဝင်ဒေသသို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ထရန်မာယန်မီးရထားစီမံကိန်းကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ထရန်မာယန်မီးရထားလမ်းကို မိုင်ပေါင်း ၉၁၀ ထိ ဖောက်လုပ်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ထိ ကုန်ကျဖွယ်ရှိနေကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ထရန်မာယန်မီးရထားလမ်းစီမံကိန်းကို ကန့်ကွက်မှုများပြုလုပ်လျက်ရှိသော်လည်း အစိုးရပိုင်းက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုသာ အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ကန့်ကွက်မှုများကို လျစ်လျူရှုထားကြောင်း သိရသည်။

ထရန်မာယန်မီးရထားလမ်းစီမံကိန်းကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထွက်ပေါ်လာပြီး ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၁၅၀၀၀ ခန့်ထိ ထွက်ပေါ်လာနိုင်ကြောင်း မက္ကဆီကိုအစိုးရက ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် မက္ကဆီကိုအစိုးရက သစ်တောကြိုးဝိုင်းဒေသများကို ဆုံးရှုံးရမည်ဖြစ်သော်လည်း အကျိုးအမြတ်များသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ၏ ကန့်ကွက်မှု၊ သုတေသီများ၏ သုံးသပ်ချက်များကို လျစ်လျူရှုထားခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# ကုလသမဂ္ဂနှင့်ပူးတွဲကျင်းပမည့်ညီလာခံတွင် ပါကစ္စတန်နိုင်ငံက နိုင်ငံတကာအကူအညီ ကန်ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံရရှိရန် မျှော်မှန်း

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၉ ရက်တွင် ကုလသမဂ္ဂနှင့်ပါကစ္စတန်နိုင်ငံတို့ ဂျီနီဗာမြို့၌ ပူးပေါင်းကျင်းပမည့် ရာသီဥတုကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးအကူအညီရှာဖွေရေးညီလာခံတွင် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံခန့် အကူအညီရယူနိုင်ရန် ပါကစ္စတန်နိုင်ငံက မျှော်မှန်းထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်တွင် ကြေညာခဲ့သည်ဟု The Washington Post သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၉ ရက်တွင် ကုလသမဂ္ဂနှင့် ပါကစ္စတန်နိုင်ငံတို့ ပူးပေါင်းကျင်းပမည့်ညီလာခံ၌ ပါကစ္စတန်နိုင်ငံတွင် ရေလွှမ်းမိုးမှုများကြောင့် လူ ၁၇၃၉ ဦးသေဆုံးခဲ့ပြီး ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေခဲ့သော လူဦးရေ ၃၃ သန်းအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေတစ်ရပ်ကောက်ခံသွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ နိုင်ငံတကာအကူအညီများသည် ဇန်နဝါရီ ၁၅ ရက်တွင် သတ်မှတ်ကာလကုန်ဆုံးတော့မည်ဖြစ်ရာ ပါကစ္စတန်နိုင်ငံ၌ ပျက်စီးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်ရှိကြောင်း ကုလသမဂ္ဂ၏အကဲဖြတ်မှုအပေါ် အခြေခံ၍ အဆိုပါရန်ပုံငွေရှာဖွေမှုပြုလုပ်သွားမည်ဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Mumtaz Zahra Baloch က ပြောကြားခဲ့သည်။

အဆိုပါညီလာခံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres တက်ရောက်မည်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံရှိ ဒုက္ခသည်အသိုင်းအဝိုင်းအတွက် ပံ့ပိုးကူညီမှုများပေးရန်တောင်းဆိုမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ Stephane Dujarric က ပြောကြားခဲ့သည်။

ညီလာခံနောက်ပိုင်းတွင် ပါကစ္စတန်ဝန်ကြီးချုပ် Shehbaz Shraif နှင့် ကုလသမဂ္ဂ Antonio Guterres တို့သည် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**AZH**

# အပူချိန်မြင့်တက်မှုကြောင့် ဥရောပတိုက်၏ဆောင်းရာသီက နွေရာသီကဲ့သို့ဖြစ်နေ

**ဘရပ်ဆဲလ် ဇန်နဝါရီ ၆**

ဥရောပတိုက်တွင် ဆောင်းရာသီကိုဖြတ်သန်းနေရသော်လည်း အပူချိန်မြင့်တက်နေသည့်အတွက် လက်ရှိ ဥရောပတိုက်၏ ဆောင်းရာသီသည် နွေရာသီကဲ့သို့ ဖြစ်နေကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ဆောင်မှုအဖွဲ့က ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိ ဥရောပတိုက်၏ အမြင့်ဆုံးအပူချိန်မှာ ၂၅ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနေကာ ၎င်းပမာဏမှာ ဥရောပတိုက်အတွက် အမြင့်မားဆုံးသောအပူချိန်ပမာဏအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ကမ္ဘာကြီးပူနွေးမှုနှုန်းမြင့်မားလာခြင်းကြောင့် ဖြစ်ကြောင်း ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ဥရောပတိုက်မှာ ဆောင်းရာသီဖြစ်ပေမဲ့ အပူချိန်တွေမြင့်တက်နေတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်ပါတယ်။ ကမ္ဘာကြီးပူနွေးမှုနှုန်းမြင့်မားလာတာကိုလဲ သက်သေပြနေပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့မှ သုတေသီ ဖရီဂျာဗမ်ဘော့က ပြောကြားခဲ့သည်။

လန်ဒန်အခြေစိုက် Imperial College London မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာသုတေသီများကလည်း ဥရောပတိုက်၏ ဆောင်းရာသီတွင် အပူချိန်မြင့်တက်ခြင်းမှာ လူသားတို့၏ လုပ်ဆောင်ချက်များမှ ဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှုဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။



"ဒီနှစ်ဆောင်းရာသီက အပူချိန်တွေမြင့်တက်နေတယ်။ လူသားတွေရဲ့လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာတဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့်ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်အတွင်း အပူလှိုင်းတွေဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု လန်ဒန်အခြေစိုက် Imperial College London မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာသုတေသီ ဖရစ်ဒီရိုက်က ပြောကြားခဲ့သည်။

**နိုင်းဆက်**

# အန်ဂိုလာနိုင်ငံတွင် ပလတ်စတစ်ဆန့်ကျင်ရေး ဥပဒေတစ်ရပ်ရေးဆွဲရန် အလုပ်အဖွဲ့ဖွဲ့စည်း

**လူအန်ဒါ ဇန်နဝါရီ ၆**

အန်ဂိုလာနိုင်ငံတွင် ပလတ်စတစ်ဆန့်ကျင်ရေး ဥပဒေတစ်ရပ်ရေးဆွဲရန် အန်ဂိုလာသမ္မတက ဇန်နဝါရီ ၅ ရက်တွင် အလုပ်အဖွဲ့ဖွဲ့စည်းခဲ့ကြောင်း Africa News သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ဖော်ပြထားသည်။

အန်ဂိုလာနိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ပလတ်စတစ်သုံးစွဲခြင်းကြောင့် ညစ်ညမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း သမ္မတက ပြောကြားခဲ့သည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို တိုက်ဖျက်ရေးအရှိန်အဟုန်မြှင့်တင်ရန် ပလတ်စတစ်တားမြစ်ရေး အမျိုးသားအဆင့် အစီအစဉ်ကို ရေးဆွဲရန် အလုပ်အဖွဲ့ကို ဖွဲ့စည်းပေးရခြင်းဖြစ်ကြောင်း သမ္မတက ရှင်းပြခဲ့သည်။

ကီလိုမီတာ ၁၆၀၀ ကျော်ရှည်လျားသော အန်ဂိုလာနိုင်ငံ ကမ်းရိုးတန်းရှိ ပလတ်စတစ်ညစ်ညမ်းမှုသည် ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို အပြင်းအထန်ခြိမ်းခြောက်လျက်ရှိပြီး နေ့စဉ် ပလတ်စတစ်အိတ် ၁၂ ဒသမ ၄ သန်းကို ကုန်သွယ်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း အမျိုးသားအမှိုက်အေဂျင်စီအကြီးအကဲက ပြောကြားခဲ့သည်ဟု သိရသည်။

ကုလသမဂ္ဂ၏အဆိုအရ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသတွင်နေထိုင်ကြသော သတ္တဝါမျိုးစိတ်ပေါင်း ၈၀၀ ကျော်သည် ပလတ်စတစ်ညစ်ညမ်းမှုကြောင့် နှစ်စဉ်ထိခိုက်လျက်ရှိပြီး ကမ္ဘာပေါ်တွင် ပလတ်စတစ်အမှိုက်တန်ချိန် ၁၁ သန်းခန့်ကို သမုဒ္ဒရာထဲသို့ နှစ်စဉ်စွန့်ပစ်လျက်ရှိကြောင်း၊ အဆိုပါကိန်းဂဏန်းသည် ၂၀၄၀ ပြည့်နှစ်တွင် သုံးဆထိ တိုးလာနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

**AZH**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံး

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဇန်နဝါရီ ၄ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၅ ရက်တွင် ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်ဟု TRT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် အစိုးကရင်ဆိုင်နေရသောဒေသများတွင် နေထိုင်သောဒေသခံများကိုလည်း ဇန်နဝါရီ ၅ ရက်မှစ၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် လူနှစ်ယောက်သေဆုံးခဲ့တယ်။ ကယ်လီဖိုးနီးယားပြည်နယ်အလယ်ပိုင်းမှာ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပေမဲ့ ကျန်တဲ့ဒေသတွေမှာ ရေကြီးရေလျှံမှုတွေနဲ့ နှစ်စဉ်ရင်ဆိုင်နေရတယ်။ လက်ရှိရင်ဆိုင်နေရတဲ့ ရေကြီးရေလျှံမှုပြဿနာကလဲ ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုတွေအတိုင်းပါပဲ"ဟု ကယ်လီဖိုးနီးယားပြည်နယ် အရေးပေါ်ဝန်ဆောင်မှုရုံး၏ ညွှန်ကြားရေးမှူး နန်စီဝက်ဒ်က ပြောကြားခဲ့သည်။

ထို့ပြင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးတချို့လဲကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေသည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့်ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာရွှေ့ပြောင်းရာတွင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဆန်ဖရန်စစ္စကို အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ခဲ့ရကြောင်း လေဆိပ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

0w Kv d @

# မန္တလေးကျုံးရေ

တိုနီသွေး(မန်းမြို့)




(၁)

လိုင်းကားလေးက တငြိမ့်ငြိမ့်ပြေးနေသော်လည်း ထိုင်ခုံကျောမှီတွင် မှိန်း၍လိုက်ပါလာသော မေဦးခင်နှင့် နွေဦးခင်တို့၏ အတွေးတစိမ့်စိမ့်မှာ ဖေဖေ့ကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး အတွေးချင်းထပ်၍ နေလိမ့်မည်ထင်သည်။ ညီအစ်မနှစ်ယောက်စလုံး၏ အသက်သည်ပင် ၆၀ ခန့်အရွယ်သို့ရောက်ရှိနေပြီဖြစ်၍ အဖေ့အသက် ၈၅ နှစ်အတွက် အထူးသောကတော့ မရောက်တော့ပေ။ မီးစာကုန်ဆီခန်းအရွယ် သက်စေ့ကံကုန်လည်း ဖြစ်သွားနိုင်သောကြောင့် မျှော်လင့်ချက်ကြီးကြီးတော့မထားခဲ့ပေ။ သို့ဖြစ်သော်ငြားလည်း ဖေဖေနှင့်ပတ်သက်သောအတွေးတို့က နောက်ကြောင်းပြန်တွေးမိခဲ့ကြပြန်တော့သည်။

မေမေနှင့် ဖေဖေတို့က နွေဦးခင်အသက် ခုနစ်လသမီးအရွယ်ကတည်းက အိမ်ထောင်ရေးပြိုကွဲခဲ့ကြသူများဖြစ်ပေသည်။ ညီအစ်မနှစ်ယောက် စဉ်းစားဆုံးဖြတ်တတ်သောအရွယ်ရောက်ရှိသောအခါ မေမေနှင့် ဖေဖေတို့ အိမ်ထောင်ရေးပြိုကွဲရသည်မှာ စည်းဖောက်ခဲ့ကြ၍မဟုတ်ကြောင်းကို သိရှိခဲ့ရသလို ဖေဖေနှင့်မေမေတို့ကိုယ်တိုင်ကလည်း တစ်ဦးအပေါ် တစ်ဦးလည်း အပြစ်ပုံချခြင်းတို့ စိုးစဉ်းမျှမပြုခဲ့ကြပေ။ ထို့ကြောင့်လည်း ညီအစ်မနှစ်ယောက်က ဖေဖေနှင့် မေမေအပေါ် အပြစ်ပုံမချခဲ့ဘဲ အလိုက်သင့်နေထိုင်နိုင်ခဲ့ကြလေသည်။ မည်သို့ပင်ဖြစ်စေ မိကွဲ၊ ဖကွဲ အိမ်ထောင်စုတစ်ခု၏ သားသမီးတို့ခံစားရလေ့ရှိသော လူမှုဒုက္ခနှင့် စိတ်ဒဏ်ရာများကိုတော့ မေဦးခင်နှင့် နွေဦးခင်တို့ညီအစ်မနှစ်ယောက်လည်း အနည်းနှင့်အများ ခံစားခဲ့ရသည်သာဖြစ်ပေတော့သည်။ မေမေကလည်း ဖေဖေကြောင့်မဟုတ်၊ ဖေဖေကလည်း မေမေ့တွင် အပြစ်မရှိဟုဆိုနေသဖြင့် မည်သည့်အတွက်ကြောင့် သမီးနှစ်ယောက်မွေးပြီးမှ အိမ်ထောင်ရေးကို အလွယ်တကူအပျက်ခံခဲ့ကြပါလိမ့်ဟု တွေးတတ်သောအရွယ်ရောက်သောအခါ ညီအစ်မနှစ်ယောက် အဖြေရှာတွေးမိခဲ့ကြသည်။

ဖေဖေကတော့ ပြောဖူးသည်။ အမျိုးများနယ်လု၍ ကွဲရသည်တဲ့။ အမျိုးများဟုဆိုရာတွင် ဖေဖေ့မှာ အမျိုးမရှိ မန္တလေးသားတစ်ကောင်ကြွက်၊ ငယ်စဉ်ကတည်းက အဒေါ်များအုပ်ထိန်း၍ လူလားမြောက်ခဲ့ရသူ။ မေမေ့ဘက်က အသိုက်အဝန်းများသည်။ မောင်နှမ ၁၂ ယောက်ရှိရာ မေမေက အငယ်ဆုံး။ မေမေ့ဘက်ကအမျိုးများကြောင့်သာ ဖြစ်ရပေမည်။ ဖေဖေက လခစားအစိုးရဝန်ထမ်း၊ သူတာဝန်ကျရာသို့ သျှောင်နောက်ဆံထုံးပါခေါ်သော်လည်း မေမေ့အစ်မများကမထည့်၊ အခါခါခေါ်သော်လည်းမထည့်၍ မီးဝေးချိပ်မှာ ဖေဖေနောက်အိမ်ထောင်ပြုခဲ့တော့သည်။

(၂)

ချမ်းသာအောင် တောင်တက်လိုင်းကားလေးက သာစည်မြို့လွန်ခဲ့ပြီး နန့်ပန်တက်ရောက်သည်နှင့် တောင်တက်ခရီးစတော့မည်ဖြစ်သည်။ အစ်မဖြစ်သူ မေဦးခင်က ဖေဖေနှင့်မေမေတို့အကြောင်း အတွေးက မပြတ်သေး။

"ညီမလေး တစ်ခါတစ်ရံ ဖေဖေ့ကိုများ မုန်းဖူးသေးလား"

"ဟင် မမ ဘာလို့မေးတာလဲ။ ဖေဖေ့ကို ညီမလေး တစ်ခါမှမမုန်းခဲ့ဖူးပါဘူး"

"ညီမလေးကို ခုနစ်လသမီးကတည်းက ပစ်ထားခဲ့တာ တွေးမိလို့ပါ"

"မမုန်းပါဘူးမမရယ်။ တွေးမိတိုင်း ဖေဖေ့ကိုတောင် သနားနေသေးတာပါ"

"ဘာဖြစ်လို့လဲ ညီမလေး"

"မမမှတ်မိလား။ ညီမလေးတို့မူလတန်းကျောင်းရှေ့ မုန့်လက်ဆောင်းရောင်းနေတုန်း ဖေဖေရောက်လာတာလေ"

"မှတ်မိပြီညီမလေး။ ဖေဖေအစိုးရတာဝန်နဲ့ ရန်ကုန်ခဏလာတုန်းကရောက်လာတာ"

"အဲဒီတုန်းက။ ညီမလေးက ဖေဖေ့ကို ဖေဖေလို့ မခေါ်လို့ ဖေဖေငိုတာလေ"

မေဦးခင်အတွေးတွင် ကလေးဘဝက မုန့်လက်ဆောင်းရောင်း၍ မိသားစု ဆင်းရဲစွာရုန်းကန်ခဲ့ရသည်ကို ပြန်တွေးမိသွားပြန်သည်။ ဖေဖေနှင့် မေမေတို့ကွဲခဲ့ကြပြီးချိန်တွင် ရင်သွေးနှစ်ယောက်နှင့် မေမေ့မှာ ရင်ထုမနာဝမ်းနည်းမှုဖြစ်ခဲ့ရသော်လည်း ဖေဖေခေါ်ရာမလိုက်မိ၍သာဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိရှာရှိခဲ့၏။ ကဲကဲဆတ် ဖေဖေ့အပေါ်မကျေနိုင်၊ မချမ်းနိုင်ဖြစ်ကြသူများက မေမေ့ဘက်က အစ်မများပင်ဖြစ်သည်။

မူလတန်းကျောင်းရှေ့ ညီအစ်မနှစ်ယောက် မုန့်လက်ဆောင်းရောင်းနေရစဉ် တစ်ရက် ရန်ကုန်သို့ ခဏလာသော ဖေဖေရောက်လာသည်။ ဖေဖေ့စိတ်ထဲတွင်လည်း ကျောင်းမနေရဘဲ ဈေးရောင်းနေရသူ သမီးနှစ်ယောက်ကိုမြင်ရသောအခါ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လျက် စိတ်မကောင်းဖြစ်သွားသည်။ ထိုအခေါက်တွင် နွေဦးခင်ကို ဖေဖေဟုခေါ်ခိုင်းသည်။ မေဦးခင်က ဖေဖေနှင့် လေးနှစ်ခန့်အတူနေဖူးသူဖြစ်၍ ဖေဖေ့ရင်ခွင်မှမဆင်း။ နွေဦးခင်က ဖခင်နှင့်စိမ်းနေ၍ ဖေဖေဟုမခေါ်။ ထိုအခါ ဖေဖေငိုခဲ့လေသည်။ ပြင်မရသောနောင်တက သမီးများအပေါ် မည်သို့ပေးဆပ်နိုင်ပါမည်နည်း။

(၃)

မေမေ့ထံ သမီးနှစ်ယောက်တောင်းသည်။ မေမေက သူ့သမီးနှစ်ယောက် မိထွေးနှိပ်စက်တာမခံနိုင်ဟုဆိုကာ မပေးခဲ့ပေ။ မိထွေးနှိပ်စက်မှာစိုးသော မေမေက အိမ်ပေါ်သို့ ပထွေးဦးတိုးလှကို ခေါ်တင်ခဲ့လေသည်။ အဖေတော်သူ သမီးနှစ်ယောက်က ဦးတိုးလှကို ဖေဖေဟုပင်ခေါ်သည်။ ဦးတိုးလှကလည်း စိတ်ထားပြည့်ဝသူတစ်ယောက်ဖြစ်၍ မည်သည့်ပြဿနာမျှမရှိခဲ့။ ဦးတိုးလှကြောင့်ပင် ညီအစ်မနှစ်ယောက်အရွယ်လွန်မှ ပညာရှာခွင့်ရခဲ့ခြင်းဖြစ်သည်။ မေမေကပြောသည် "ဒါ ညည်းတို့ရဲ့ကျွေးဖေဖေ"တဲ့။ မေမေပြောလေ့ရှိသောစကားတစ်ခွန်းကား-

"ညည်းတို့မှာ အဖေနှစ်ယောက်ရှိတယ်။ ဦးတင်မောင်က မွေးရုံသာမွေးတဲ့ မွေးအဖေ၊ ဦးတိုးလှက ညည်းတို့လူလားမြောက်အောင် ကျွေးမွေးသုတ်သင်ခဲ့တဲ့ ကျွေးအဖေ။ ကျေးဇူးချင်းကအတူတူသဘောထားရှိသေရမှာ"ဟု ပြောဆိုဆုံးမလေ့ရှိခဲ့သည်။

ခရီးကလည်း မဆုံးသေး၊ မိုးကလည်းမလင်းသေး၊ ကားပေါ်မှညီအစ်မနှစ်ယောက်၏ စကားကလည်း မကုန်နိုင်သေး။

"ညီမလေးရေ တို့ငယ်ငယ်က ဖေဖေလာခေါ်တုန်းက လိုက်သွားဖြစ်ခဲ့ရင် အခုအချိန် ဘယ်လိုအခြေအနေရောက်နေမလဲမသိဘူးနော်"ဟု မေဦးခင်က စကားစလာပြန်သည်။

"အဲဒီအချိန်က ဖေဖေက နောက်အိမ်ထောင်ပြုပြီးသားလေ။ မေမေ ဘယ်စိတ်ချပါ့မလဲ"

"ဖေဖေ နောက်အိမ်ထောင်မပြုခင်ကလာခေါ်လို့ လိုက်ဖြစ်ခဲ့ရင် တို့ညီအစ်မ ပညာတတ်တွေဖြစ်နေလောက်ကောပေါ့"

"ဟုတ်တယ် ညီမလေး။ တို့နှစ်ယောက်ပညာတတ်ကြီးတွေမဖြစ်ရတာလဲ မိဘတွေကွဲခဲ့ကြလို့။ တို့ကလေးတွေလက်ထက်ကြရင် အားလုံးပညာတတ်တွေဖြစ်စေရမယ်နော်"ဟု အစ်မမေဦးခင်ကဖြည့်စွက်၏။

မိဝေး၊ ဖဝေး၊ မိကွဲ၊ ဖကွဲသားသမီးတို့၏အတွင်းခံစားချက်နှင့်ခံယူချက်များကို မေဦးခင်နှင့် နွေဦးခင်တို့ညီအစ်မနှစ်ယောက်စကားဝိုင်းက အသက်ဝင်လျက်ရှိနေပေသည်။

(၄)

ယခုအခါတွင် ညီအစ်မနှစ်ယောက်ငယ်စဉ်က ကတိပြုခဲ့ကြသည့်အတိုင်း ရန်ကုန်တွင် အိမ်ထောင်ကျအခြေချနေထိုင်သူ မေဦးခင်၏သားသမီးငါးယောက်လုံး ဘွဲ့ဒီဂရီရရှိပြီး နှစ်ဦးက အစိုးရအရာရှိကြီးများပင်ဖြစ်၍နေသည်။ မန္တလေးတွင် အခြေချနေသူ ညီမနွေဦးခင်၏ သားသမီးများလည်း ပညာတတ်များဖြစ်ကာ သမီးဦးက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကြီးတစ်ခု၏ ဒဿနိကဗေဒပညာရပ်ဌာနတွင် တွဲဖက်ပါမောက္ခပင်ဖြစ်၍နေပေပြီ။

ညီအစ်မနှစ်ယောက်စီးလာသော လိုင်းကားချမ်းသာအောင်ကားလေးသည် ကလောမြို့ကိုကျော်ခဲ့ပြီးနောက် အောင်ပန်းမြို့နယ် ပန်းကမ္ဘာစားသောက်ဆိုင်ရှေ့တွင် ခဏရပ်ပေးသည်။ ကျန်းမာရေးအတွက် ကားပေါ်ပါသူများအောက်သို့ဆင်းကြသည်။

"ညီမလေး ခြင်းထဲကရေဘူးတစ်ဘူးဆွဲခဲ့အေး။ အောက်ရောက်ရင် အိပ်ချင်ပြေမျက်နှာသစ်ရအောင်"

"မမ အဲဒီရေဘူးက သုံးလို့မဖြစ်ဘူး။ မျက်နှာသစ်ဖို့ ဆိုင်ထဲမှာရှိပါတယ်။ ဒီရေက ဖေဖေမှာလိုက်တဲ့ မန္တလေးကျုံးရေမို့ပါ"

"ဪ. . . အေး အေး ဒီလိုဆိုလဲရပါတယ်အေး။ ဖေဖေကလဲ ရှာရှာပေါက်ပေါက် မန္တလေးကျုံးရေမှာရတယ်လို့"

"အရင်တစ်ခေါက် ဖေဖေ့ဆီကအပြန် ဖေဖေ ဘာမှာအုံးမလဲမေးတာ ဖေဖေ့အတွက် ကျုံးရေယူလာခဲ့ပါလို့ မှာလိုက်တာမမရေ"

"စကားမစပ် ညီမလေးက ကျုံးရေဘယ်လိုရအောင်ခပ်လာတာလဲ"

"ညီမတို့အနောက်ပြင်အရပ်က ကျုံးရေလယ်ဗယ်ထက်နိမ့်တယ်လေ။ စည်ပင်သာယာက အများသုံးကျုံးရေကန်တွေသွယ်ပေးထားတယ်။ ဒီရေက ညီမသူငယ်ချင်း နှင်းနှင်းအိမ်မှာ ကျုံးရေကန်နဲ့ ပိုက်သွယ်ထားတာ။ အဲဒီက သွားခပ်လာခဲ့တာပေါ့"

အောင်ပန်းတွင် ကားခဏမျှရပ်ခဲ့ပြီး ဆက်ထွက်လာခဲ့တော့သည်။ မေဦးခင်က-

"ဖေဖေကလဲ အစွဲအလမ်းကြီးလိုက်တာနော်။ အင်းလေးကန်ကြီးတစ်ခုလုံးရှိနေတာကို မန္တလေးကျုံးရေမှာရတယ်လို့"

"မမရယ် ဖေဖေက မန္တလေးသားစစ်စစ်လေ။ သူငယ်စဉ်ကတည်းက သောက်သုံးခဲ့ရတဲ့ကျုံးရေလေးကို အခုလိုနေမကောင်းဖြစ်နေချိန်မှာ သောက်ချင်စိတ်ရှိလို့၊ စိတ်ကူးရပြီး ညီမလေးကို မှာတာနေမှာပေါ့"

"မန္တလေးသားဖြစ်လို့ မန္တလေးကျုံးရေမှာတယ်ဆိုရင်လဲ ဖေဖေငယ်ငယ်က အမြဲစားနေကျ ခိုတောင်မုန့်ဟင်းခါးတော့မမှာဘဲ မမကို ရန်ကုန်မုန့်ဟင်းခါးဘာဖြစ်လို့ တမ်းတမ်းတတမှာရတာလဲမသိဘူးနော်"

"ဖေဖေ့မှာ တစ်ခုခုရည်ရွယ်ချက်ကတော့ရှိလောက်တယ်မမ။ ညီအစ်မနှစ်ယောက်ကို တစ်မျိုးစီမှာတာ။ ဒါနဲ့ မမက မုန့်ဟင်းခါးချက်ဖို့ အစုံပါခဲ့ရဲ့လား"

"မုန့်ဖတ်နဲ့ငါးအစိုပဲမပါတာပါ။ ကျန်တာတော့ အားလုံးပါခဲ့တယ်ညီမလေး"

(၅)

နံနက်လင်းခါနီးအချိန်တွင် ချမ်းသာအောင်ကားလေးသည် ရွှေညောင်နှင့် ညောင်ရွှေလမ်းခွဲအဆုံ၌ မေဦးခင်တို့ညီအစ်မနှစ်ယောက်ကို ချထားခဲ့ကာ တောင်ကြီးဆက်တက်သွားတော့သည်။ ညောင်ရွှေလမ်းဆုံတွင် ညီမလေးမျိုးမျိုးနှင့် မောင်လေးဖိုးထွေးတို့က အစ်မကြီးနှစ်ယောက်ကို လာကြိုနေကြသည်။ ညောင်ရွှေအိမ်ရောက်သောအခါ အထုပ်အပိုးချ၍ ဖေဖေ့အနား ဦးစွာသွားရောက်မျက်နှာပြရသည်။ ဒေါ်လေးက-

"ဟောဒီမှာ သမီးကြီးနှစ်ယောက်ရောက်ပါပြီတော်။ ခဏ ခဏမလာသေးဘူးလား၊ မရောက်သေးဘူးလားမေးလိုက်ရတာ"

စာမျက်နှာ ၂၅သို့ ➤

# ကျွန်းစုမြို့နယ် ပဲယာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**ကျွန်းစု ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲယာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းသက်သက်ဝေနှင့်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။

ကျွန်းစုမြို့နယ် ပဲယာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၅၈၅၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ဂဝံနှင့်မြေသားခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

➤ **စာမျက်နှာ ၂၄မှအဆက်**

အိပ်ရာပေါ်ပက်လက်တွေ့လိုက်ရသောဖေဖေ့ကိုမြင်တွေ့လိုက်ရချိန် မေဦးခင်ရော နွေဦးခင်ပါ ရင်နင့်စွာခံစားလိုက်ရသည်။ ယခင်တစ်ခေါက်ရောက်ခဲ့စဉ်က ဖေဖေ့ရုပ်မျိုးမဟုတ်တော့ပါ။ အရိုးပေါ်အရေတင် မျက်တွင်းဟောက်ပက်ကြည့်ရက်စရာမရှိ။ သမီးနှစ်ယောက်ကိုမြင်လိုက်ရသောဖေဖေ့အပြုံးလေးကတော့ မူလပုံစံကမပြောင်း။

"မမကြီးတို့ရောက်မှ အစာစားမယ်ဆိုပြီး ဖေဖေဘာမှမစားတာ သုံးရက်ရှိပြီ။ မမကြီးတို့ရယ် ချော့ကျွေးပေးပါအုံး"ဟု ညီမငယ်မျိုးမျိုးက ပြောသည်။

ဤတွင် မေဦးခင်က "ဖေဖေ ဘာစားမလဲဟင်။ သမီးလုပ်ကျွေးမယ်" ဆိုသောအခါ-

"မုန့်ဟင်းခါးပါလား ရန်ကုန်မုန့်ဟင်းခါး"ဟု ပီပီသသပြောလာတော့သည်။ မေဦးခင်က ပျာပျာသလဲဖြင့်-

"ဩော်. . . ဟုတ်သားပဲ ညီမလေးမျိုးရေ မီးသွေးမီးဖိုမီးမွှေးတော့ဟေ့။ ဖေဖေ့ကို မုန့်ဟင်းခါးချက်ကျွေးရအောင် တစ်ဆက်တည်း ဒေါ်လေးက ဈေးသွားပြီး မုန့်ဖတ်ဖြူဖြူလေးနဲ့ ငါးအစိုအစိတ်သားလောက်ဝယ်ပေးပါ။ ညီမနွေကလဲ ကူပေးအုံး"ဟုဆိုကာ ဝိုင်းဝန်းလုပ်ဆောင်ကြသည်။

ဤတွင် ဖေဖေက "ငါးဖိန်းမဝယ်ခဲ့နဲ့"ဟု ဒေါ်လေးကိုပီပီသသမှာသည်။ ဒေါ်လေးနှင့်သားသမီးများ အံ့အားသင့်သွားခဲ့ရတော့သည်။ မေဦးခင်က-

"ဒေါ်လေးရေ ငါးခူသန့်သန့်အကောင်ကြီးတာရှာဝယ်ခဲ့ပေးနော်"ဟု မှာလိုက်သည်။

နွေဦးခင်က ငှက်ပျောအူပါးပါးလှီး၍ ပဲတောင့်ရှည်အစိမ်းလေးများကိုပါ ရိပ်ရိပ်လှီးနေသည်။ ညီမလေးမျိုးမျိုး ငါးဖယ်ကြော်များ ကတ်ကြေးဖြင့်ညှပ်ကာ ကြက်သွန်ဥလေးများအခွံနွှာ၍ ဝိုင်းဝန်းလုပ်ဆောင်နေစဉ် ဖေဖေ့အနားတွင် မောင်လေးဖိုးထွေးစောင့်နေရသည်။ ဟင်းရည်အိုးအမည်စုံသောအခါ စပါးလင်နံ့သင်းလျက် မုန့်ဟင်းခါးရည်အနံ့က သင်းပျံ့လာတော့သည်။ ထိုအချိန်တွင် မောင်လေးဖိုးထွေး မီးဖိုဘက်ထွက်လာကာ-

"ဖေဖေက ခဏခဏမေးနေပြီ။ မမတို့မကျက်သေးဘူးလား၊ မရသေးဘူးလားနဲ့ သိပ်ဆာနေပုံရတယ် မမတို့ရေ"

"ဟုတ်တယ်မောင်လေးရေ မမတို့လိုသွားတယ်။ ဖေဖေဆာနေလောက်ပြီ။ အစကတည်းက လူအကုန်စာအိုးကြီးနဲ့မချက်ဘဲ ဖေဖေ့တစ်ယောက်စာမြန်မြန်ကျက်အောင်ချက်လိုက်ရမှာ"

ဟင်းကျက်ချိန် အစ်မမေဦးခင်က မုန့်ပွဲပြင်၍ မြန်မြန်အေးစေရန် ယပ်ခတ်ပေးပြီး ဖေဖေ့ကိုကျွေးမွေးကြသည်။ စားလိုစိတ်အာသီသဖြစ်၍ သာစားရှာသောဖေဖေ ၁၀ ဇွန်းလောက်စားပြီးချိန် လက်ကာပြသည်။

"ဖေဖေထပ်စားအုံးလေ။ ရန်ကုန်မုန့်ဟင်းခါးနဲ့မတူလို့လား"

"ဝပြီသမီးကြီး တူပါတယ်၊ ကောင်းပါတယ်"ဟု ကျေနပ်စွာပြောသည်။ မုန့်ဟင်းခါးကျွေးပြီးချိန် ဖေဖေ့နှုတ်ခမ်းကို တစ်ရှူးနှင့်သန့်စင်ပေးပြီးချိန် မျိုးမျိုးက ရေကျက်အေးတိုက်ရန် ယူလာခဲ့သည်။ ဖေဖေက ခေါင်းယမ်းလက်ကာပြပြီး-

"သမီးငယ် ကျုံးရေမပါဘူးလား"ဟုမေးရာ-

နွေဦးခင်က "ပါတယ်ဖေဖေ ပါတယ်။ ညီမလေးမျိုးမျိုးရေ မမငယ်ခြင်းထဲက ရေဘူးယူလာခဲ့"ဟုဆိုကာ ဖေဖေ့အား ကျုံးရေကို ဖန်ခွက်ငယ်ဖြင့်တိုက်ပေးလိုက်သည်။ ဖေဖေကျေနပ်စွာသောက်ပြီးနောက်-

"ချိုလိုက်တာ ဟိုတုန်းကအတိုင်းပဲ"တဲ့။

ဖေဖေ့ကို အိပ်ရာပေါ်ပြန်လှဲပေးလိုက်သောအခါ သူ့ဘေးတွင်ရှိ ကျုံးရေပုလင်းလေးကို သူ့နံဘေးနှင့်ကပ်သည်ထိ ဆွဲယူလိုက်သည်။ မည်သူ့ကိုမျှမတိုက်လိုသည့်သဘောပင်။ နွေဦးခင်က-

"ဖေဖေပါသေးတယ်။ ဖေဖေသောက်ချင်တဲ့အချိန်ပြောနော်"ဟု ဖခင်ကို နှစ်သိမ့်လိုက်သည်။ ဖေဖေ သူ့ဆန္ဒအာသီသပြည့်ပြီဖြစ်၍ အိပ်ရာပေါ်တွင် မျက်စိမှိတ်လျက်မှိန်းနေတော့သည်။

(၆)

ည ၁၁ နာရီခန့်တွင် ဖခင်ဦးတင်မောင်တစ်ချက်လွန့်သွားပြီး မေဦးခင်အပေါ်တင်ထားသောလက်ပြုတ်ကျကာ နွေဦးခင်၏လက်ကောက်ဝတ်ကိုဆုပ်ထားသော ဖခင်၏ဘယ်ဘက်လက်က မယုံနိုင်ဖွယ်အားဖြင့် ဆွဲညှစ်လိုက်သလိုဖြစ်သွားလေသည်။ နွေဦးခင်လည်း နိုး၍ထထိုင်ကာ-

"ဖေဖေ ဖေဖေ ဘာဖြစ်တာလဲ၊ ဖေဖေ ဘာဖြစ်လို့လဲ၊ သမီးဘာလုပ်ပေးရမလဲ"ဟုမေးလိုက်ရာ အိမ်ရှိသူအားလုံးနိုးသွားခဲ့ကာ ဖေဖေ့အနားဝိုင်းအုံလာကြသည်။ ဖခင်ဦးတင်မောင်၏ရင်အုံမှာ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ အသက်ရှူရာတွင်လည်း ပုံမှန်မဟုတ် နှစ်ဆင့်ရှူနေရသလိုဖြစ်နေကာ မောဟိုက်နေရှာသည်။ နွေဦးခင်က-

"ဖေဖေ သိပ်မောနေတာလား သမီးရေတိုက်မယ်နော်။ ညီမလေး စတီးဇွန်းတစ်ချောင်းယူခဲ့ပေး"ဟုဆိုကာ ဟစိ ဟစိဖြစ်နေရှာသော ဖခင်၏ ပါးစပ်ထဲသို့ ရေတစ်ဇွန်းစာလောင်းထည့်ပေးသည်။

"ဖေဖေ ဖေဖေမှာတဲ့ကျုံးရေချိုချိုလေးနော်။ သမီးတိုက်ပေးနေတာ။ ဖေဖေအမောပြေအောင် သောက်လိုက်နော်"

ပထမတစ်ဇွန်းကိုမူ အားထုတ်၍မျိုချသဖြင့် ဝမ်းတွင်းရောက်သွားခဲ့သည်။ နောက်တစ်ဇွန်းကိုမူ မမျိုနိုင်ရှာတော့ပေ။ သူ၏ဦးခေါင်းကို သမီးနွေဦးခင်ဘက်သို့ငဲ့စောင်း၍ကျလာရာ ပါးစပ်အတွင်းမှ မျိုမချနိုင်သောရေတစ်ဇွန်းကား ပါးတစ်ဖက်ခြမ်းသို့ ယိုစီးကျလာလေတော့သည်။ ဖေဖေဦးတင်မောင်တစ်ယောက် နောက်ဆုံးခရီးကို နောက်ဆုံးရိက္ခာအဖြစ် သူချစ်သော မန္တလေးကျုံးရေလေးတစ်ဇွန်းသောက်သုံးလျက် အားလုံးကိုခွဲခွာသွားလေတော့သည်။

ဖခင်ဖြစ်သူ၏ရက်လည်ကုသိုလ်ပြုပွဲလုပ်ပြီး နောက်တစ်ရက်တွင် ညီအစ်မနှစ်ယောက် မန္တလေးသို့ လိုင်းကားဖြင့် ပြန်ဆင်းလာခဲ့ကြသည်။ အစ်မဖြစ်သူမှာ ရန်ကုန်သို့တိုက်ရိုက်ပြန်၍ရသော်လည်း မန္တလေးရှိ မေမေ၏နောက်အိမ်ထောင်မှရသောညီမများက အစ်မအကြီးဆုံးနှစ်ယောက်ဆုံခိုက် ကန်တော့ချင်သည်ဆို၍ လိုက်လာခဲ့ရသည်။ မန္တလေးရောက်ပြီးလျှင် အစ်မအကြီးဆုံးက ရန်ကုန်ပြန်ရမည်ဖြစ်၍ ကြုံတုန်းဆုံခိုက် ညီအစ်မနှစ်ယောက်အပြန်ခရီးတွင်လည်း စကားလက်ဆုံပြော၍ မကုန်နိုင်သေးချေ။

"ညီမလေးရေ ဒီတစ်ခေါက် ဖေဖေရှိတဲ့ဆီလာရတဲ့ခရီး အလာတုန်းကတော့ ဖေဖေ့အတွက် စိုးရိမ်စိတ်ဗျာပါဒနဲ့ လာခဲ့ရလို့ မရွှင်လန်းခဲ့ဘူး။ အခုအပြန်ခရီးကတော့ ပေါ့ပေါ့ပါးပါးပဲဖြစ်သွားခဲ့ပြီ။

"ဘာဖြစ်လို့လဲမမ ဖေဖေမရှိတော့လို့ ဖေဖေရဲ့ ဒုက္ခခံစရာမလိုတော့လို့လား"

"မဟုတ်ဘူးညီမလေး။ မေမေပြောဖူးတဲ့ ကျွေးအဖေနဲ့ မွေးအဖေ၊ တို့ကကျွေးအဖေကိုသာ အသက်ထက်ဆုံးကျေးဇူးဆပ်ခဲ့ဖူးတာ။ အခုမွေးအဖေကို တို့ညီအစ်မနှစ်ယောက်ကျေးဇူးဆပ်လိုက်ရလို့"

"ဒါပေမဲ့မမရယ် ညီမလေးဘက်က ဘာမှမပြောပလောက်တဲ့ ကျုံးရေတစ်ဇွန်းတည်းနဲ့တော့ အားမရခဲ့ပါဘူးမမရယ်"

"အဲဒီလိုမတွေးနဲ့ညီမလေး။ ညီမလေးရဲ့နောက်ဆုံးတိုက်လိုက်တဲ့ ကျုံးရေလေးတစ်ဇွန်းဟာ နောက်ဆုံးတကာရဲ့ နောက်ဆုံးရိက္ခာလေးဖြစ်လို့ အားလုံးထက် ဖေဖေ့အတွက် အကျိုးများလှပါတယ် ညီမလေးရယ်"

အစ်မဖြစ်သူက ဖြေသိမ့်ပေးရှာသော်လည်း နွေဦးခင်၏စိတ်အာရုံထဲတွင်တော့-

"ဖေဖေရယ် သမီးငယ်ငယ်က ဖေဖေ့ကို ဖေဖေမခေါ်လို့ ကျခဲ့ရတဲ့ ဖေဖေ့မျက်ရည်ကို သမီးကျုံးရေလေးနဲ့ ပေးဆပ်ခဲ့ပါပြီ။ ကျေပါစေတော့နော်"ဟု။

## ချစ်သောရောဝတီ

\- မေခရယ် မလိခ
ပေါင်းဆုံကြ မြစ်ဧရာ၊
ကချင်ပြည် အထက်ရပ်မှ
မပြတ်စီးလာ၊
မြန်မာတို့ရဲ့ သွေးသားပါ
အလေးထားစရာ မြစ်တစ်စင်း၊
တို့မိခင် ဂုဏ်ကျေးဇူးရယ်လို့
ထူးခြားလေခြင်း။

\- ဧရာဝတီ ဂုဏ်သတင်း
ထုံသင်းလို့ မွှေးကြူ
မြစ်ဧရာ နဒီအလှ
ရှုမဝဟူ၊
လူမျိုးတိုင်း အကျိုးညီတူ
သောက်သုံးယူ အစဉ်မပျက်၊
မြစ်ရေကို အမှီပြု
မွေးမှုအသက်။

\- ငါးမျိုးစုံ အကုန်ထွက်
အကျိုးပြုလျက် တန်ဖိုးကြွယ်၊
တို့တိုင်းပြည် စိုက်ပျိုးရေး
အလေးထားဖွယ်၊
ဆန်ရေစပါး အသွယ်သွယ်
အထွက်နှုန်းဝယ် အလွန်ကောင်း၊
ပြည့်ဖြိုးလျှံ ဖူလုံလှ
ကြွယ်ဝစေကြောင်း။

\- သွေးချင်းတွေ စုကာပေါင်း
ပြုကာပြောင်း တိုးတက်စေ၊
ထိန်းသိမ်းပါ မိခင်မြစ်
မပစ်မိတ်ဆွေ၊
စနစ်တကျရှိပါလေ
မြစ်ရေကို တန်ဖိုးထား၊
စည်းကမ်းကို ရင်မှာကိန်း
ထိန်းသိမ်းစို့လား။ ။

**ရာနံလေး(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေှကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ခေတ်မရွေးတဲ့ကဗျာ (၁၀)

**မန်းတင့်မော်**

၂၀၂၂ ခုနှစ် ကုန်ဆုံး၍ ၂၀၂၃ ခုနှစ်အတွင်း ဝင်ရောက်ခဲ့ပြီ။ ရှေ့တစ်ခေါ် မျှော်ကြည့်၊ နောက်တစ်လှံပြန်ကြည့်ဆိုသော မြန်မာစကားက အရေးပါလျက်ရှိသည်။ လူတစ်ဦးချင်းစီတွင်လည်း အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တည်းဟူသော ကာလသုံးပါးကို ဖြတ်သန်းကြရသည်မှာ သဘာဝတရားတစ်ခုဖြစ်ရာ လူတိုင်းကြုံတွေ့ရမြဲဖြစ်သည်။

၂၀၂၂ ခုနှစ်သည် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးအတွက် အတိတ်အဖြစ်ကျန်ရစ်ခဲ့ပြီ။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာကြီးအတွက် အားလုံးက အကောင်းဆုံးကို မျှော်လင့်လျက်လည်းရှိကြသည်။ ထို့အတူ ၂၀၂၂ ခုနှစ်ကို လည်ပြန်ကြည့်၍ အကောင်း၊ အဆိုးနှစ်ရပ်လုံးကိုလည်း ပြန်လည်သုံးသပ်ကြရသည်။ တစ်နှစ်တာဖြတ်သန်းပြီး ခရီးလမ်းကို အကြမ်း၊ အချောအကဲဖြတ်ရသည်။ လူတစ်ဦးချင်းမှသည် မိသားစု၊ ရပ်ရွာ၊ တိုင်းပြည်နိုင်ငံအလယ်၊ ကမ္ဘာလုံးဆိုင်ရာအဆုံး အတိတ်ခြေရာကောက်ကြည့်ကြရသည်။ လူသားတို့၏ တစ် နှစ်တာ စွမ်းဆောင်ရည်များကိုလည်း အလေးဂရုပြုကြရသည်။ ဂုဏ်ယူဖွယ်ရာများရှိသကဲ့သို့ အရှုံးဆုံး အကျည်းတန်မှုများလည်းရှိမည်မှာ မလွဲပေ။ တစ်ခေတ်တစ်ခါက မြန်မာ့အသံက တစ်နှစ်ပတ်လုံး တေးဂီတဝိုင်းများမှ ထုတ်လွှင့်ခဲ့သော တေးသီချင်းများထဲက ပရိသတ်အကြိုက်ဆုံးတေးသီချင်းကို ရွေးချယ်လျက် "တစ်နှစ်လုံး၏ အချစ်ဆုံးတေး"ဟူ၍ ကဏ္ဍတစ်ရပ်အသံလွှင့်ခဲ့ဖူးရာ လူကြိုက်များလှသည်။

ထို့အတူ တစ်နှစ်လုံး၏ အကောင်းဆုံး ကမ္ဘာ့အားကစားသမားဆုများ၊ စာပေဆိုင်ရာဆုများ၊ နိုဘယ်(လ်)ဆုများအပါအဝင် ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့်ဆုများအသီးသီးကိုလည်း ပေးအပ်ချီးမြှင့်လေ့လည်းရှိသည်။ တစ်နှစ်တာ မှတ်တမ်းဝင်အဖြစ် နှစ်စဉ် ဆောင်ရွက်မြဲလုပ်ငန်းကို လုပ်ဆောင်ရသည်။ နှစ်အလိုက်ဆိုသော်လည်း တစ်နှစ်တွင် ဆယ့်နှစ်လအတွက် လစဉ်လုပ်ဆောင်ရသော လုပ်ငန်းများလည်းရှိသည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ နိုင်ငံလုပ်ငန်းဖြစ်စေ လအလိုက် လျာထားချက်များဖြင့် ဆောင်ရွက်ရသောသဘောလည်းရှိသည်။ တစ်ခါတစ်ရံ လျာထားချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်သကဲ့သို့ မပြည့်မီဘဲ အလုပ်ကြွေးကျန်သည်များလည်းရှိတတ်သည်။ ထိုအခါ အလုပ်၏သဘာဝအရ အမြတ်၊အရှုံးဆိုသည်လည်း မလွဲမသွေရှိလာရတော့သည်။

အမြတ်၊ အရှုံးဆိုသည်မှာ အရောင်းအဝယ်လုပ်ငန်း၏ ပင်မစကားရပ်ဖြစ်သည်။ စီးပွားရေးဘာသာရပ်များ၏ တွက်ချက်မှုများ အခြေခံဟုလည်း ဆိုနိုင်ပါလိမ့်မည်။ မြန်မာတို့က လူမှုဘဝနယ်ပယ်တွင်လည်း အသုံးတွင်ကျယ်လျက်ရှိသည်။ ဥပမာအားဖြင့် မိဘတို့က သားသမီးများအပေါ်တွင် ကျွေးမွေးပြုစုစောင့်ရှောက်ရခြင်းအတွက် အကျိုးအမြတ်မတွက်ကြခြင်းကို ပြနိုင်သည်။ အလားတူ ဆရာ၊ ဆရာမတို့ကလည်း တပည့်သားမြေးများအပေါ် ပညာပေးဝေဆက်ခံစေသည်မှာလည်း အရှုံး၊ အမြတ်ကို မစဉ်းစားခဲ့ကြပေ။ အောင်မြင်မှုအမြတ်များနှင့် ဆုံးရှုံးမှုအရှုံးဆိုသည်များကတော့ ပညာရေးနယ်ပယ်တွင် ရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမည်သာဖြစ်သည်။

စာပေပညာရှင်များကလည်း စာပေအနုပညာလက်ရာများကို ၎င်းတို့၏ နှလုံးသားများမှ ယိုစိမ့်လာသည့် နှလုံးသွေးများသဖွယ် ပုံဖော်ဖန်တီးထုဆစ်ခဲ့ကြသည်။ ကမ္ဘာမှာဆိုင်ရာဆိုင်ရာ စာပေဘာသာစကားများဖြင့် ခေတ်အဆက်ဆက်ရေးဖွဲ့ခဲ့ကြသည်မှာ ကာလကြာရှည်ခဲ့ပါပြီ။ မြန်မာစာပေကလည်း ပုဂံခေတ်မှသည် ယနေ့တိုင် ရှင်သန်ဖွံ့ဖြိုးဆဲဖြစ်သည်။ စာပေပုံသဏ္ဌာန်အမျိုးမျိုးတွင် ကဗျာစာပေက လူထုနှင့် အနီးစပ်ဆုံးဟု ဆိုနိုင်ပါလိမ့်မည်။ စာပေပညာရှင်သာမကဘဲ လူထုအတွင်းက ထွက်ပေါ်လာသော ကောက်စိုက်တေး၊ မောင်းထောင်းတေး စသည်ဖြင့် လူထုတေးကဗျာများကလည်း ယနေ့တိုင် ထင်ရှားပေါ်လွင်လျက်ပင်။ မြန်မာကဗျာလမ်းတွင် ကဗျာပန်းများစွာ ပွင့်လန်းခဲ့ရာ ကဗျာဆရာ တက္ကသိုလ်မင်းမော်၏ "သူငယ်ချင်း"ကဗျာများကလည်း ရနံ့သင်းကြိုင်၍ အရောင်အသွေးစုံသော ပန်းများသဖွယ် ပွင့်လန်းခဲ့သည်။ သူငယ်ချင်းကိုပြောပြသော ကဗျာဆရာ၏ လောကအမြင်၊ လူ့အမြင်၊ လူ့အတွေးနှင့် ဓမ္မအမြင်များက ကဗျာများတွင် ထင်ဟပ်ပေါ်လွင်လျက်ရှိရာ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်များဖြင့် ခေတ်မရွေးသည့် ကဗျာများဟု ဆိုနိုင်သည်။ ဆရာ၏ "အမြတ်" ခေါင်းစဉ်ကဗျာကို-

"သူငယ်ချင်း<br>
တစ်နှစ်လုံးမှာ<br>
ဆယ့်နှစ်ခါတည့်<br>
ငါနှင့်မိန်းမ၊ ဇယားချ၍<br>
ရသမျှငွေ၊ တွက်ကြည့်လေ၏"ဟု အစပျိုးလိုက်သည်။ နားမလည်နိုင်သော စကားမပါ။ ဖတ်လိုက်ရုံဖြင့် မိသားစုတစ်စု၏ တစ်နှစ်တာဝင်ငွေကို လင်မယားနှစ်ယောက်တွက်စစ်ကြကြောင်း သိသာပါ၏။

အတွေးဆန့်ရလျှင် တစ်နှစ်တာဖြတ်သန်းခဲ့သမျှ အကြောင်းအကျိုး၊ အကောင်းအဆိုးကို သုံးသပ်သည်ဟု ယူဆလျှင်လည်း ရနိုင်ပါလိမ့်မည်။ ကဗျာဆရာက တက္ကသိုလ်ဆရာတစ်ဦးလည်းဖြစ်နေပြန်ရာ ပညာရေးဝန်ထမ်းပီပီ တစ်လတစ်လ လစာရရှိမှုအပေါ် စားဝတ်နေရေးအတွက် သုံးစွဲရသည်ဖြစ်ရာ ရရှိသော လုပ်ခလစာသည် လုံလောက်မှုရှိကောင်းရှိပါလိမ့်မည်။ သိမီသမျှ ဆရာတို့ဖြတ်သန်းခဲ့သော ပညာရေးခရီးတွင် ပြင်ပဝင်ငွေရှာခြင်းလည်း မရှိနိုင်ပေ။

> ❖ စာပေပညာရှင်သာမကဘဲ လူထုအတွင်းက ထွက်ပေါ်လာသော ကောက်စိုက်တေး၊ မောင်းထောင်းတေး စသည်ဖြင့် လူထုတေးကဗျာများကလည်း ယနေ့တိုင် ထင်ရှားပေါ်လွင်လျက်ပင်။ မြန်မာကဗျာလမ်းတွင် ကဗျာပန်းများစွာ ပွင့်လန်းခဲ့ရာ ကဗျာဆရာ တက္ကသိုလ်မင်းမော်၏ "သူငယ်ချင်း"ကဗျာများကလည်း ရနံ့သင်းကြိုင်၍ အရောင်အသွေးစုံသော ပန်းများသဖွယ် ပွင့်လန်းခဲ့သည်။ သူငယ်ချင်းကိုပြောပြသော ကဗျာဆရာ၏ လောကအမြင်၊ လူ့အမြင်၊ လူ့အတွေးနှင့် ဓမ္မအမြင်များက ကဗျာများတွင် ထင်ဟပ်ပေါ်လွင်လျက်ရှိရာ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်များဖြင့် ခေတ်မရွေးသည့် ကဗျာများဟု ဆိုနိုင်သည်။ ❖

ဆရာက ဒုတိယကဗျာအပိုဒ်တွင်-

"နှစ်အစလ<br>
ရသမျှငွေ၊ တွက်ကြည့်လေလည်း<br>
အကြွေမကျန်။<br>
နှစ်အလယ်လ<br>
ရသမျှငွေ၊ တွက်ကြည့်လေလည်း<br>
အကြွေမကျန်။<br>
နှစ်အဆုံးလ<br>
ရသမျှငွေ၊ တွက်ကြည့်လေလည်း<br>
အကြွေမကျန်"ဟု ဆက်လက်ရေးဖွဲ့ပြန်သည်။

တစ်နှစ်ပတ်လုံး ကုန်းရုန်း၍ မိသားစုအရေး ငွေကြေးရှာဖွေကြရသည်မှာ လူသားတိုင်းပင်ဖြစ်သည်။ ဘာသာတရားတိုင်းကလည်း တရားသဖြင့် ငွေကြေးရှာဖွေကြရန် ဆုံးမထားကြသည်။ သို့သော် လူသားတိုင်း တရားသဖြင့် ရှာဖွေကြသည်မဟုတ်။ မိမိကိုယ်တိုင်ပင်လျှင် သန့်ရှင်းသော ငွေကြေးများ ရှာဖွေခဲ့ပါရဲ့လား ဟူသော မေးခွန်းကို အကြိမ်ကြိမ်မေးခဲ့ရာ ရသမျှငွေကြေးအားလုံး သန့်စင်မည်ဟု အာမ မခံရဲပေ။ ဆရာတက္ကသိုလ်မင်းမော်က သူ့ရသမျှငွေကြေးများကို ရေတွက်ကြည့်တိုင်း နှစ်အစ၊ နှစ်အလယ်၊ နှစ်အဆုံး ဘာမျှမကျန်ဟုဆိုထားသည်။ "ပြား"ဂဏန်းကို မြန်မာနိုင်ငံတွင် လူထုကြား မသုံးစွဲတော့သည်မှာ ကြာခဲ့ပြီ။ "တစ်ပြား၊ နှစ်ပြား လင်ပန်းပြား"ဟူသော မြန်မာကလေးကစားနည်းကိုလည်း သတိရမိသေးသည်။ အစွန်းထွက်ငွေနှင့် လက်ကျန်ငွေ အနည်းအကျဉ်းကို "အကြွေအနုပ်"ဟု ခေါ်တွင်သုံးစွဲကြသည်။ ထို့ကြောင့် ဆရာက သူ၏ လက်ကျန်ငွေတွင် "အကြွေမကျန်"ဟု ရိုးသားစွာဆိုလိုက်ခြင်းပင်။ မြန်မာ့ပညာရေးဝန်ထမ်းကျောင်းဆရာ၊ ကျောင်းဆရာမများ၏ ဘဝသရုပ်ကို ထင်ဟပ်စေသော "တပည့်မရှား၊ တစ်ပြားမရှိ၊ ပိတ်ကိုစား၊ အားရှိပါ၏"ဟူသော အဆိုတစ်ရပ်ကိုလည်း အထူးတလည်အမှတ်ရနေမိပါသေးသည်။ ကဗျာ၏ အဆုံးသတ်တွင်-

သူငယ်ချင်း<br>
အကြွေမကျန်<br>
ငွေမကျန်လည်း<br>
ရန်ဖြစ်စရာ၊ မလိုပါတည့်<br>
တို့မှာနေရန်၊ အသက်ကျန်သည်<br>
ဟန်မပျက်ပါဘူး သူငယ်ချင်း။ ။ ဟု ရေးဖွဲ့ခဲ့သည်။ မိသားစုတစ်စုတွင် စားဝတ်နေရေးဟူသော အခြေခံလိုအပ်ချက်အရေးသုံးပါးက ထာဝရ အရေးပါလျက်ရှိနေသည်။ ထိုအချက်များ မပြည့်စုံလျှင် စိတ်ဓာတ်ရေးရာ လုံခြုံမှုမရှိတော့။ မိသားစုဝင်အချင်းချင်း ငြိုငြင်စရာ၊ ငြင်းခုံစရာ၊ အချင်းများဖွယ်ရာများ ပေါ်ပေါက်လာတတ်သည်။ အရှင်းဆုံးဆိုရလျှင် ခိုက်ရန်ဒေါသပွားတတ်ခြင်းပင်။ ကဗျာဆရာ ရှုမြင်ပုံက အများစု သည်းခြေကြိုက်သည့် ငွေကြေးဓနမပြည့်စုံလည်း ပူစရာမဟုတ်။ "ရှိတာလေးနှင့်ဝအောင်စား၊ ရှိတာလေးနှင့် လှအောင်ဝတ်၊ ရှိတာလေးနှင့် မျှတအောင်နေ"ဟူသော မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကြစို့ဟု တိုက်တွန်းလိုက်သယောင်ဖြစ်တော့သည်။ ဤနေရာတွင် လောဘသားကောင်ဟု တင်စားခဲ့ရသော လူသားတိုင်း၏ ဆန္ဒနှင့်ကိုက်ညီမှုရှိကောင်းရှိပေလိမ့်မည်။ ငွေမကျန်လည်း ရှင်သန်ရန် အသက်ကျန်သေးသည်ဟု ကဗျာဆရာက ပိုပိုသာသာ၊ ကဲကဲလွန်လွန်တင်စားရေးဖွဲ့သည်ဟု ဆိုရန်ရှိသော်လည်း အသက်မွေးမှုဟု မြင်မိသည်။ ငွေရှိမှ တင့်တယ်သည်။ အရာရာကို ငွေနှင့်ဖြေရှင်းလျှင် ပြေလည်သည်။ ငွေသာလျှင် ပဓာနဟူသော အများစုလက်ကိုင်ပြုရသည့် ငွေထက် ရိုးသားမှု၊ ကြိုးစားမှု၊ သန့်ရှင်းစွာ အသက်မွေးဝမ်းကျောင်းမှုတို့ကို ရှေးရှုရန်နှင့် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသဖြစ်ပွားမှုကို ကျိုးကြောင်းဆီလျော်စွာ စဉ်းစားတွေးခေါ် လျော့ပါးရပ်တန့်ကြရန် ရည်ရွယ်သော ကဗျာတစ်ပုဒ်အဖြစ် ရှုမြင်မိပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**တက္ကသိုလ်မင်းမော် သူငယ်ချင်းကဗျာပေါင်းချုပ် (စိတ်ကူးချိုချို၊ ၂၀၂၀)**

## ကော့ကရိတ်မြို့နယ်၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်

**ကော့ကရိတ် ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နဘူးကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာက သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းကို ကော့ကရိတ်မြို့နယ် နဘူးကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသားစုစုပေါင်း ၁၃ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာနှင့်ပတ်သက်သည့် သင်ခန်းစာ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ ဇန်နဝါရီ ၂၀ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ပြောပြ၍ သိရသည်။

**အေးမြတ်**

# ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် RBE ရထားများဖြင့် အမှတ် (၈၁) အဆန်နှင့် အမှတ် (၈၂) အစုန် ရထားခရီးစဉ်များ ပြေးဆွဲပေးနေ




**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် RBE ရထားများဖြင့် အမှတ် (၈၁) အဆန်နှင့် အမှတ် (၈၂) အစုန်ရထားခရီးစဉ်များကို ဇန်နဝါရီ ၄ ရက်မှစ၍ ပြေးဆွဲပေးနေပြီဖြစ်ကြောင်း မြန်မာ့မီးရထား၊ တိုင်းအမှတ် (၇) (ရန်ကုန်တိုင်းဒေသကြီး) လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောပြ၍ သိရသည်။

ထိုသို့ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် RBE ရထားများဖြင့် ရထားခရီးစဉ်များ ပြေးဆွဲပေးရာတွင် အမှတ်(၈၁) အဆန်ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီ မိနစ် ၃၀ တွင် ထွက်ရှိပြီး အမှတ် (၈၂) အစုန်ရထားသည် မော်လမြိုင်မှ နံနက် ၈ နာရီ မိနစ် ၃၀ တွင် ထွက်ခွာကာ လမ်းဘူတာများအနေဖြင့် အမှတ် (၈၁) အဆန်ရထားသည် တိုးကြောင်ကလေး၊ ပဲခူး၊ ဝေါ၊ ကျိုက်ထို၊ နှင်းပုလဲ၊ သထုံ၊ ပေါင်ဘူတာတို့တွင်ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ အမှတ် (၈၂) အစုန်ရထားသည် ပေါင်၊ သထုံ၊ နှင်းပုလဲ၊ ကျိုက်ထို၊ ဝေါ၊ ပဲခူး၊ တိုးကြောင်ကလေး ဘူတာတို့တွင် ရပ်တန့်ပေးပြီး ရထားလက်မှတ်ခများမှာ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်အတွက် တစ်စောင်လျှင် ငွေကျပ် ၇၀၅၀ ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်တွေမှာ အမှတ်(၈၁)အဆန်နဲ့ အမှတ် (၈၂)အစုန် ရထားခရီးစဉ်တွေကို RBE ရထားနဲ့ ဇန်နဝါရီ ၄ ရက်ကနေ စတင်ပြီးတော့ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ တစ်ပတ်သုံးရက် စတင်ပြေးဆွဲပေးနေပြီဖြစ်ပါတယ်။ အဲဒီ RBE ရထားမှာ အထက်တန်းတွဲသုံးတွဲပဲ ပါဝင်ပါတယ်။ လက်မှတ်ခအနေနဲ့ကတော့ တစ်ယောက်ကို ငွေကျပ် ၇၀၅၀ ဖြစ်ပြီး တစ်ရက်ကြိုတင်ဝယ်ယူရမှာဖြစ်ပါတယ်"ဟု ဦးကျော်မျိုးလွင်က ပြောပြသည်။

မြန်မာ့မီးရထား အနေဖြင့် ပြည်သူများရထားဖြင့် အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့်ကုန်စည်များကို လိုရာခရီးသို့ တင်ပို့နိုင်ရေး စီစဉ်ပေးလျက်ရှိရာ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှု များပြားလာမှုပေါ်မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မကွေးတိုင်းဒေသကြီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဖွင့်ဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်၊ မြို့နယ် ဦးစီးမှူးများက မိမိတို့ခရိုင်၊ မြို့နယ်အတွင်းရှိ မြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများ ၊ ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်နေမှုအခြေအနေများ၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အစရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုနှစ် ဖေဖော်ဝါရီလအတွင်း ရာနှုန်းပြည့်ပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦး၊ ဂန့်ဂေါ၊ ပခုက္ကူ၊ ချောက်၊ မကွေး၊ မင်းဘူး၊ သရက်၊ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် မြို့နယ် ၂၅ မြို့နယ်မှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# သိန္နီမြို့နယ် နားခေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သိန္နီ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် သိန္နီမြို့နယ် နားခေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နားခေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



နားခေးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၄၇ သိန်း စုစုပေါင်းငွေကျပ် ၁၄၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကျော်ဦး**

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၆၄၃၈ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၆၄၃၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၆၇၇၁ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၄၃၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်အတွင်း ဒီနှစ်ဆောင်းနှမ်း ၄၆၇၇၁ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဆောင်းနှမ်း ၄၆၄၃၈ ဧက စိုက်ပျိုးပြီးပြီ။ ကျန်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေကြတယ်။ ဆောင်းနှမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ ဆောင်းနှမ်းနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးကပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၂၄၇၁၁ ဧက၊ အင်းတော်မြို့နယ်တွင် ၁၁၆၂၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၈၀၈၂ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဧက ၂၀၂၀ စုစုပေါင်း ၄၆၄၃၈ ဧက တို့ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကသာခရိုင်အတွင်းရှိ နှမ်းစိုက်တောင်သူများအနေဖြင့် အထွက်နှုန်း ကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် အင်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ အင်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖွင့်ဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အင်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၂ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၄၁ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စင်မာ**

# အောင်မြင်လိုသူများအတွက် မှတ်သားစရာစကားများ

**ပုသိမ်အောင်သန်းဦး**

အမေရိကန်နိုင်ငံတွင် ထင်ရှားသော စာရေးဆရာနှင့် အယ်ဒီတာတစ်ဦးဖြစ်လာသူ အာသာဂေါ်ဒွန် (Arthur Gordon )သည် စောစောပိုင်း သူမအောင်မြင်သေးသည့်အချိန်က အမေရိကန်နိုင်ငံရှိ အကြီးအကျယ်ဆုံးလုပ်ငန်းရှင်သူဌေးကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ကောမတ်စ်ဂျေဝပ်ဆင် (စီနီယာ)ဆိုသည့် လုပ်ငန်းရှင်ကြီးနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ အာသာဂေါ်ဒွန်က-

ကျွန်တော်တစ်နှစ်ပတ်လုံး စာတွေကြိုးစားပြီးရေးခဲ့ကြောင်း၊ သို့သော် မအောင်မြင်ခဲ့ကြောင်း၊ အယ်ဒီတာတို့ထံမှ ပယ်စာများကိုသာ အဆက်မပြတ်ရရှိခဲ့ကြောင်း ပြောပြသည်။

ဂျေဝပ်ဆင်က ကုလားထိုင်တွင် မှီထိုင်လိုက်ပြီး-

"ဒါက ကိုယ့်လိုင်းတော့မဟုတ်ဘူးပေါ့ကွာ။ ဒါပေမဲ့ စာရေးတဲ့အလုပ်မှာ အောင်မြင်နိုင်တဲ့ သေချာပေါက်နည်းလမ်းတစ်ခုတော့ မောင်ရင်လက်ခံမယ်ဆိုရင် ကိုယ်ပေးချင်တယ်"ဟု ဆိုလေသည်။

ခဏတုံ့ဆိုင်းနေပြီးမှ-

"ဒီပုံသေနည်းကတော့ ရိုးရိုးကလေးပါ။ မောင်ရင်ရဲ့ အခုမအောင်မြင်တဲ့နှုန်းထားကို နှစ်ဆတိုးပြီး ကြိုးစားလုပ်ဆောင်လိုက်ပါ။ ဒါပါပဲ" သူဌေးကြီး ဂျေဝပ်ဆင်က ဆက်ပြီးပြောသေးသည်။

"မောင်ရင် အခုကြုံနေတာက လူအတော်များများ မှားတတ်တဲ့ အမှားတစ်ခုပါပဲ။ မအောင်မြင်မှုဆိုတာ အောင်မြင်မှုရဲ့ဆန့်ကျင်ဘက်ပဲ၊ ရန်သူပဲလို့မောင်ရင် ထင်နေတယ်။ အဲဒါလုံးဝမဟုတ်ဘူး။ မအောင်မြင်မှု ရှုံးနိမ့်မှုဆိုတာ ဆရာတစ်မျိုးပဲ။ နည်းနည်းကြမ်းတဲ့ ဆရာလို့ ပြောချင်လည်း ပြောလို့ရတယ်။ သို့သော် အတော်ဆုံး အကောင်းဆုံးဆရာပဲ။ မောင်ရင်က မောင်ရင့်မှာ အပယ်ခံထားရတဲ့စာမူတွေ စားပွဲတစ်လုံးစာရှိနေတယ်လို့ဆိုတယ်။ အဲဒါသိပ်အဖိုးတန်တာပေါ့။ ဒီစာတစ်ပုဒ်ချင်းမှာ ဘာကြောင့်အပယ်ခံရတယ်ဆိုတဲ့ အကြောင်းရင်းတစ်ခုစီတော့ ရှိနေမှာပဲ။ အဲဒါကို အနုလုံ ပဋိလုံ ခွဲခြမ်းစိတ်ဖြာပြီး မောင်ရင်ရှာကြည့်ပြီးပြီလား။ ကိုယ်တို့လည်း စိတ်ကူးတစ်ခုအကောင်အထည်ဖော်ကြည့်ပြီး မျှော်လင့်သလိုမဖြစ်ဘဲ တလွဲတချော်တွေသာဖြစ်လာတဲ့အခါမျိုး၊ ရောင်းချရေးအစီအစဉ်တစ်ခု မအောင်မမြင်ဖြစ်သွားတဲ့အခါမျိုးတွေ အဲဒီလို ခွဲခြမ်းစိတ်ဖြာပြီး အဖြေရှာတဲ့အလုပ်ကို လုပ်ရတာပဲ။ မအောင်မြင်မှုကို ကိုယ့်အတွက် ပြန်အလုပ်လုပ်ခိုင်းရတာ"

"မအောင်မြင်မှုကြောင့် စိတ်ဓာတ်ကျနိုင်သလို သူ့ဆီက သင်ခန်းစာယူလို့လဲရတယ်။ အဲဒီတော့ ဆက်သာလုပ်ပါ။ မအောင်မြင်တာ၊ လွဲချော်တာ၊ မှားယွင်းတာတွေ ဖြစ်ချင်သလောက်ဖြစ်ပါစေ။ လုပ်သာလုပ်ပါ၊ ဘာကြောင့်လဲဆိုတော့ အဲဒီတော့မှသာ အောင်မြင်မှုနဲ့တွေ့ရမှာ၊ မအောင်မြင်မှုရဲ့ ဟိုးတစ်ဖက်မှာ အောင်မြင်မှုရှိနေတယ်။ အဲဒါ မောင်ရင် မှတ်ထားပါ"

❖ "ဘာမှလုပ်၍ကိုင်၍မရ၊ စိတ်ဓာတ်ကျသည့်အခါမျိုးတွင် ကျွန်တော်သည် ကျောက်တုံးကိုတူနှင့်ထုခွဲနေသော ကျောက်ထုသမားထံ သွားရောက်ကြည့်ရှုတတ်၏။ တစ်ခါတစ်ရံ သူသည် အကြိမ် ၁၀၀ မျှ ထုသော်လည်း ကျောက်တုံးမကွဲပေ။ ၁၀၁ ကြိမ်မြောက် ထုလိုက်သောအခါ၌မူ ကျောက်တုံးကွဲသွားသည်။ သို့သော် ကျောက်တုံးသည် ၁၀၁ ကြိမ်မြောက်ထုချက်တစ်ချက်တည်းကြောင့် ကွဲခြင်းမဟုတ်ပေ။ စောစောကထုချက်အားလုံး၏ စုပေါင်းအားဖြင့် ကွဲသွားခြင်းသာဖြစ်ကြောင်း ကျွန်တော်သဘောပေါက်သည်"ဟုဆိုပါသည်။ ❖

အထက်ပါ စာရေးဆရာဖြစ်ချင်သည့် လူငယ် အာသာဂေါ်ဒွန်ကို သူဌေးကြီး ဂျေဝပ်ဆင်၏ပြောစကားများမှာ မှတ်သားဖွယ်ကောင်းသကဲ့သို့ လိုက်နာကျင့်သုံးစရာကောင်းလှပါသည်။ စာရေးချင်သောသူများသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လောကအသီးသီးတွင် တာဝန်ယူဆောင်ရွက်လိုကြသည့်၊ မအောင်မြင်သေးသည့်၊ ကျရှုံးနေကြသေးသည့်လူငယ်များ အတုယူလိုက်နာကျင့်ကြံဆောင်ရွက်သင့်သည့် အဖိုးတန်သောစကားများဖြစ်ပါသည်။

၎င်းအဖိုးတန်စကားများကြောင့်ပင် အာသာဂေါ်ဒွန်သည် အမေရိကန်နိုင်ငံတွင် ထင်ရှားသောစာရေးဆရာ၊ အယ်ဒီတာတစ်ဦး ဖြစ်လာခဲ့ပါသည်။ ၎င်းအကြောင်းကို အာသာဂေါ်ဒွန်က "On the Far Side of Failure"ခေါင်းစဉ်ဖြင့်ရေးသားခဲ့ပြီး ဆရာဖေမြင့်၏ "နာမည်တစ်လုံးမရခင်တုန်းက" စာအုပ်တွင် "မအောင်မြင်မှုလား၊ လှေကားထစ်တွေလား"ဆိုသည့် ဆောင်းပါး၌ ဖတ်ရှုနိုင်ပါသည်။

အရှုံးထဲမှ အမြတ်ထုတ်ယူရန် မအောင်မြင်မှုများကို သုံးသပ်ပြီး အောင်မြင်မှုလမ်းစကို ရှာဖွေတတ်ရန် ရည်ညွှန်းပြောဆိုထားသည့် ဂျေဝပ်ဆင်၏စကားများ ဖြစ်ပါသည်။

ဟင်နရီကိုင်ဇာက ဤသို့ပြောဖူးသည်။

"လူအများစုတို့သည် မိမိတို့တွင်ရှိသည့် တီထွင်ကြံဆမှုနှင့် အလုပ်လုပ်နိုင်စွမ်းရည်တို့၏ ဆယ်ပုံတစ်ပုံခန့်ကိုသာ အသုံးပြုနေကြသည်။ အကယ်၍ မိမိစွမ်းအားရှိသမျှကို ပြည့်ပြည့်ဝဝ အသုံးချကြမည်ဆိုပါက မိမိစွမ်းဆောင်အောင်မြင်မှုများအတွက် မိမိကိုယ်တိုင်ပင် အံ့အားသင့်ရပေလိမ့်မည်"ဟုဆိုပါသည်။

စောစောက ဂျေဝပ်ဆင်က အာသာဂေါ်ဒွန်ကို "မိမိရဲ့ မအောင်မြင်တဲ့နှုန်းထားကို နှစ်ဆတိုးလိုက်ပါ"ဟု ဆိုခဲ့သည်။ ကျွန်ုပ်တို့သည် မိမိစွမ်းဆောင်ရည်၏ ဆယ်ပုံတစ်ပုံမျှကိုသာ အသုံးပြုနေကြသည်ဟု ဟင်နရီကိုင်ဇာက ဆိုပါသည်။ စဉ်းစားစရာကောင်းပါသည်။ သူတို့ပြောသကဲ့သို့ ကျွန်ုပ်တို့အားလုံးသည် မိမိ၏စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးမပြုခဲ့သည်မှာတော့ သေချာပါသည်။ အောင်မြင်လိုသူများသည် စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချကြရန်လိုပါသည်။

ဟာကော့ဗ်ရီးစ်က ဤသို့ဆိုပါသည်။ သူက ကျောက်ထုသမားကို ဥပမာပေးသည်။

"ဘာမှလုပ်၍ကိုင်၍မရ၊ စိတ်ဓာတ်ကျသည့်အခါမျိုးတွင် ကျွန်တော်သည် ကျောက်တုံးကိုတူနှင့်ထုခွဲနေသော ကျောက်ထုသမားထံ သွားရောက်ကြည့်ရှုတတ်၏။ တစ်ခါတစ်ရံ သူသည် အကြိမ် ၁၀၀ မျှ ထုသော်လည်း ကျောက်တုံးမကွဲပေ။ ၁၀၁ ကြိမ်မြောက် ထုလိုက်သောအခါ၌မူ ကျောက်တုံးကွဲသွားသည်။ သို့သော် ကျောက်တုံးသည် ၁၀၁ ကြိမ်မြောက် ထုချက်တစ်ချက်တည်းကြောင့် ကွဲခြင်းမဟုတ်ပေ။ စောစောကထုချက်အားလုံး၏ စုပေါင်းအားဖြင့် ကွဲသွားခြင်းသာဖြစ်ကြောင်း ကျွန်တော်သဘောပေါက်သည်"ဟုဆိုပါသည်။

အကြိမ်ကြိမ်အဖန်တလဲလဲ ကြိုးစားအားထုတ်ခြင်းကြောင့်သာ နောက်ဆုံး အောင်မြင်ခြင်းဖြစ်ကြောင်း ဥပမာပေးတင်ပြထားခြင်းဖြစ်ပါသည်။

စီဒဗလျူဝင်းဒဲကမူ အောင်မြင်မှုရရန်အတွက် စူးစိုက်မှုရှိရန် လိုအပ်ကြောင်း ဤသို့ပြောပါသည်။

"ဘဝ၌ အောင်မြင်မှုရှိ၊ မရှိဟူသည် ဉာဏ်ပါရမီနှင့် အခွင့်အလမ်း သာမှုများထက် စူးစိုက်စွဲမြဲမှုနှင့် ဇွဲ၊ လုံ့လရှိမှုတို့အပေါ်၌ ပို၍မူတည်နေသည်"ဟု ဆိုပါသည်။

အလုပ်တစ်ခုကို စူးစူးစိုက်စိုက်အာရုံဝင်စားပြီး ဆောင်ရွက်ခြင်းသည် အောင်မြင်ခြင်းကိုရောက်နိုင်သည်ဟုဆိုပါသည်။

ရပ်ဖ်ဝေါလဒိုမာဆင်ကမူ-

ထက်သန်ပြင်းပြသောစိတ်သည်သာ အောင်မြင်မှုကိုရရှိနိုင်ကြောင်း ဤသို့ပြောပါသည်။

"ထက်သန်စိတ်မရှိဘဲ လောက၌ မည်သည့်ကြီးမားသော အောင်မြင်မှုမျိုးကိုမှမရနိုင်"ဟုဆိုပါသည်။

အားလုံးကိုချုပ်ရသော် အောင်မြင်မှုကိုရရှိရန်အတွက် သူဌေးကြီး ဂျေဝပ်ဆင် ပြောသကဲ့သို့ မအောင်မြင်မှုအပေါ် ဘာကြောင့်မအောင်မြင်ရသလဲဆိုတာကို ခွဲခြမ်းစိတ်ဖြာအဖြေရှာပါ။

ဟင်နရီကိုင်ဇာ ပြောသကဲ့သို့ မိမိ၏လုပ်ဆောင်နိုင်မှုစွမ်းအားကို ပြည့်ပြည့်ဝဝအသုံးချပါ။

ဟာကော့ဗ်ရီးစ် ပြောသကဲ့သို့ ကြိုးစားအားထုတ်မှုကို မလျှော့ဘဲ အကြိမ်ကြိမ်အားထုတ်လုပ်ဆောင်ပါ။

စီဒဗလျူဝင်းဒဲ ပြောသကဲ့သို့ စူးစူးစိုက်စိုက် အာရုံဝင်စားပြီးလုပ်ပါ။

ရပ်ဖ်ဝေါလဒိုအီမာဆင် ပြောသကဲ့သို့ ထက်သန်ပြင်းပြသောစိတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ပါဟု ဆိုပါရစေ။

## ညောင်ရွှေမြို့နယ် ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း



**ညောင်ရွှေ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းက သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို အကျိုးရှိစွာအသုံးချပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်သည်ထိ ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ပြီး အဆင့်မြင့်စက်ချုပ်ပညာရပ်များကို တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မိုးကုတ်မြို့နယ် လီရှောလယ်ဦးကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကုတ် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လီရှောလယ်ဦးကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လီရှောလယ်ဦးကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကတ္တရာလမ်း ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ရန်နှင့် ထိန်းသိမ်းကြရန် မှာကြားသည်။

လီရှောလယ်ဦးကျေးရွာ၌ အရှည် ၄၈၉ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ပြီးစီးမှုကြောင့် လီရှောလယ်ဦးကျေးရွာရှိ အိမ်ခြေ ၁၄၅ အိမ်၊ လူဦးရေ ၆၇၄ ဦးအတွက် ရာသီမရွေး သွားလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အဝေးကွင်းနိုင်ပွဲရှာရမဲ့ ဘက်တစ်၊ နာပိုလီ၊ မန်စီးတီးအသင်းတို့ကို အားပေးရမှာပါ

M L



တနင်္ဂနွေနေ့ည အမှတ်ပေးပွဲစဉ်နဲ့ ဖလားပြိုင်ပွဲတွေမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေကစားရမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေကို သတိထားချဉ်းကပ်ရမှာဖြစ်သလို ကစားသမားအင်အား သာလွန်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

**ဘက်တစ်ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဗယ်လ်ကာနိုနဲ့ ဘက်တစ်အသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၈) နေရာမှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းဖြစ်တာကြောင့် မာယော့ကာတစ်သင်းတည်းရှုံးခဲ့တာကို သတိပြုရမှာပါ။ ဒါ့ပြင် သူတို့အသင်းတိုက်စစ်ကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက် ငါးဂိုးပဲရရှိခဲ့တာကိုတွေ့ရမှာပါ။ နည်းပြ အီရာအိုလာကတော့ ၄-၂-၃-၁ ကစားကွက်အခင်းအကျင်းနဲ့ ပြိုင်ပွဲစုံကိုပွဲထွက်လေ့ရှိပြီး ဒီကစားကွက်မှာ ကွင်းလယ်ကစားသမားအများစုကပဲ ဂိုးတွေသွင်းယူထားတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ကွင်းလယ်ကစားသမား ပါလာဇွန်က သွင်းဂိုးလေးဂိုးနဲ့ ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်ကစားသမားတွေ ဂိုးရဖို့ရုန်းကန်နေရတာကြောင့် ဘက်တစ်နဲ့ပွဲစဉ်မှာ ဂိုးရဖို့မလွယ်ပါဘူး။

ဘက်တစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အဝေးကွင်းကစားပုံထက်မြက်တာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းဟာ လာလီဂါ ၁၅ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၅ မှတ်ထိစုဆောင်းနိုင်ခဲ့လို့ အမှတ်ပေးဇယားအဆင့် (၆) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြပယ်လီဂရီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလဲ ဆီဂန်ဒါဖယ်ဒရေးရှင်းက အိုင်ဘီဇာအသင်းကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြရဲ့ ကစားကွက်အောက်မှာတော့ တိုက်စစ်ကစားသမားတွေအားလုံး ပုံစံကောင်းရရှိခဲ့ပြီး တိုက်စစ်မှူး အီဂလီစီးယက်စ်က သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဘက်တစ်အသင်းဟာ အခုရာသီ အဝေးကွင်းခုနစ်ပွဲကစားခဲ့ရာမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး သူတို့ရှုံးနိမ့်ခဲ့တာက ဗလင်စီယာ၊ ဆဲလ်တာဗီဂိုနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ကိုပဲဖြစ်ပါတယ်။ ဒါကြောင့် ဗယ်လ်ကာနိုလို ခြေရည်တူအသင်းနဲ့တွေ့ဆုံချိန်မှာတော့ ခံစစ်ကစားပုံကောင်းတဲ့ဘက်တစ်အသင်း နိုင်ပွဲရှာဖို့မခက်သလို နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းမှာလဲ ဘက်တစ်က အသာရနေတာကြောင့် ဘက်တစ်ပဲ ရလဒ်ကောင်းသွားမှာပါ။

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၁ | ဗယ်လ်ကာနို |
| နယူးကာဆယ် | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဆာဂန်တီနို | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဂျီရိုနာ | ၂ | - | ၂ | ဗယ်လ်ကာနို |
| ဂီတွန် | ၂ | - | ၀ | ဗယ်လ်ကာနို |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | မန်ယူ |
| ဘက်တစ် | ၁ | - | ၁ | အင်တာမီလန် |
| ဘက်တစ် | ၀ | - | ၃ | အတ္တလန်တာ |
| ဘက်တစ် | ၀ | - | ၀ | ဘီလ်ဘာအို |
| အိုင်ဘီဇာ | ၁ | - | ၄ | ဘက်တစ် |

**နာပိုလီအနိုင်ရမှာသေချာပါတယ်**

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆမ့်ဒိုးရီးယားနဲ့ နာပိုလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အခုရာသီမှာ အမှတ်ပေးနှစ်ပွဲပဲအနိုင်ရထားတဲ့ ဆမ့်ဒိုးရီးယားအသင်းဟာ ရမှတ်ကိုးမှတ်နဲ့ တန်းဆင်းဇုန်ထဲရောက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ငွေကြေးအကျပ်အတည်းကြောင့် အပြောင်းအရွှေ့ကာလတွေမှာ ခြေစွမ်းပြကစားသမားခေါ်ယူနိုင်ခြင်းမရှိတာကြောင့် နောက်ပိုင်းနှစ်တွေမှာ စီးရီးအေမှာတန်းမဆင်းရဖို့ဘဲ ရုန်းကန်နေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေရာသီမှာလဲ စပါးအသင်းက ဟယ်ရီဝင့်ကို အငှားခေါ်ယူခဲ့သလို ဆက်ဆူအိုလိုအသင်းက ဂျူရစ်ဆစ်ခ်ကိုခေါ်ယူခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ အခုပြိုင်ပွဲအိမ်ကွင်းပွဲစဉ်ရှစ်ပွဲမှာ တစ်ပွဲမှအနိုင်မရခဲ့ဘဲ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကိုသတိပြုရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်က သွင်းဂိုးနှစ်ဂိုးပဲရရှိခဲ့ပြီး ခံစစ်က ပေးဂိုး ၁၃ ဂိုးနဲ့ အိမ်ကွင်းခြေစွမ်းပိုင်း အဆိုးရွားဆုံးအသင်းအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ စီးရီးအေပြိုင်ပွဲမှာ ရှုံးပွဲမရှိ စံချိန်တင်ထားတဲ့နာပိုလီအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အင်တာမီလန်အသင်းကို မထင်မှတ်ဘဲတစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ သွင်းဂိုး ၃၇ ဂိုးနဲ့ ဂိုးသွင်းအများဆုံးအသင်းအဖြစ်ရပ်တည်နေသလို ခံစစ်ပိုင်းက ပေးဂိုး ၁၃ ဂိုးပဲရှိတာကြောင့် ဂျူဗင်တပ်အသင်းပြီးရင် ဒုတိယမြောက် ခံစစ်အကောင်းဆုံးအသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ အဓိကကစားသမားတွေရောင်းချခဲ့ပေမဲ့ အသစ်ခေါ်ယူထားတဲ့ ကင်မင်ဂျေး၊ ကာဗာရက်ရှီလီယာ၊ ရက်စပါဒိုရီ၊ ဆီမြွန်နီ၊ အန်ဂစ်ဆာတို့ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ဥရောပထိပ်သီးကလပ်တွေမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ ဒဏ်ရာရနေတဲ့ တိုက်စစ်မှူး အိုစီမန်ပြန်လည်ပါဝင်ခဲ့တာကြောင့် နာပိုလီတိုက်စစ်ပိုင်း ပိုကောင်းလာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တဲ့ နာပိုလီဟာ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အခုပွဲစဉ်ကို အမှားလုပ်လို့မရတာကြောင့် ကစားသမားအစုံအလင်နဲ့ပွဲထွက်လာပြီး ပြိုင်ဘက်ကို ပွဲချိန်ပြည့်ဖိအားပေးလာနိုင်ပါတယ်။ သူတို့နှစ်သင်း သမိုင်းတစ်လျှောက်တွေ့ဆုံမှုမှာလဲ နာပိုလီက ၁၉ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲပဲရှုံးနိမ့်ခဲ့တာကြောင့် အဘက်ဘက်ကသာလွန်နေတဲ့နာပိုလီအသင်း အနိုင်ရမှာသေချာပါတယ်။

**ဆမ့်ဒိုးရီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆမ့်ဒိုးရီးယား | ၀ | - | ၂ | လက်ချီ |
| ဆမ့်ဒိုးရီးယား | ၅ | - | ၁ | ဂလက်ဆီ |
| ဒီမီယာစပေါ် | ၂ | - | ၂ | ဆမ့်ဒိုးရီးယား |
| ဒရက်ဒန်း | ၂ | - | ၂ | ဆမ့်ဒိုးရီးယား |
| ဆက်ဆူအိုလို | ၁ | - | ၂ | ဆမ့်ဒိုးရီးယား |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အန်တယ်ယာစပေါ် | ၂ | - | ၃ | နာပိုလီ |
| ပဲလေ့စ် | ၁ | - | ၃ | နာပိုလီ |
| နာပိုလီ | ၂ | - | ၃ | ဗီလာရီးရဲလ် |
| နာပိုလီ | ၁ | - | ၄ | လိုင်လီ |
| အင်တာမီလန် | ၀ | - | ၁ | နာပိုလီ |

**မန်စီးတီးကိုအားပေးရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ အင်္ဂလန်အက်ဖ်အေဖလားပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့ ချဲလ်ဆီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီ ကွာရာဘောင်းဖလားပြိုင်ပွဲမှာ တစ်ကြိမ်၊ အမှတ်ပေးပြိုင်ပွဲမှာတစ်ကြိမ် တွေ့ဆုံခဲ့ရာမှာ မန်စီးတီးအသင်းကပဲ အနိုင်ရခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အရန်ကစားသမားစုဖွဲ့မှုကောင်းတာကြောင့် ဒဏ်ရာရကစားသမားတွေ များနေလဲ ကစားကွက်ပိုင်း ထိခိုက်မှုမရှိတာကိုတွေ့ရမှာပါ။ မန်စီးတီးအသင်းဟာ အက်ဖ်အေဖလားသမိုင်းမှာတော့ ဗိုလ်လုပွဲ ၁၁ ကြိမ်တက်ရောက်ခဲ့ပြီး ချန်ပီယံဆု ခြောက်ကြိမ်ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြဂွါဒီယိုလာတာဝန်ယူပြီးနောက်ပိုင်းမှာတော့ အက်ဖ်အေဖလားပြိုင်ပွဲမှာ အနိမ့်ဆုံးအဆင့် ကွာတားဖိုင်နယ်ထိတက်ရောက်နိုင်ခဲ့သလို ပြီးခဲ့တဲ့နှစ်ကလဲ ဆီမီးဖိုင်နယ်ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့နှစ်မှာတော့ ဆီမီးဖိုင်နယ်မှာ လီဗာပူးကိုအိမ်ကွင်းမှာ နှစ်ဂိုးသုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့လို့ ထွက်ခွာခဲ့ရပေမဲ့ ဒီနှစ်မှာတော့ နည်းပြဂွါဒီယိုလာက ဆုဖလားရယူဖို့ပါ ပစ်မှတ်ထားနေတာကြောင့် ဖလားပွဲစဉ်တွေမှာလဲ ကစားသမားအစုံအလင်နဲ့ပွဲထွက်နေတာကိုသတိပြုရမှာပါ။ သူတို့အသင်းနည်းပြကတော့ ၄-၃-၃ ကစားကွက်ကိုပဲအသုံးပြုလေ့ရှိပြီး ဒီကစားကွက်မှာ ဟာလန်း၊ ဖိုဒင်၊ အယ်ဗာရက်ဇ်တို့က ခြေစွမ်းပြဂိုးတွေသွင်းယူနေတာဖြစ်ပါတယ်။

နည်းပြသစ်ဂရာဟမ်ပေါ်တာရဲ့ ချဲလ်ဆီးအသင်းကတော့ အိမ်ကွင်းကစားပုံကောင်းပေမဲ့ အဝေးကွင်းပွဲစဉ်မှာတော့ အသင်းငယ်တွေကိုတောင် နိုင်ပွဲရဖို့ခက်ခဲနေတာတွေ့ရမှာပါ။ သူတို့အသင်း နောက်ဆုံးကစားခဲ့တဲ့ နော်တင်ဟမ်နဲ့အဝေးကွင်းပွဲစဉ်မှာလဲ အဘက်ဘက်က အသာရခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ချေပဂိုးခွင့်ပြုလိုက်ရပြီး တစ်ဖက်တစ်ဂိုးစီနဲ့ ပြီးဆုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ အသင်းပိုင်ရှင် တော့ဘိုလီဟာ ပြိုင်ပွဲတိုင်းမှာ ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ ခြေစွမ်းပြကစားသမားသစ်တွေ ခေါ်ယူပေးနေပေမဲ့ နည်းပြသစ်ရဲ့ကစားကွက်အောက်မှာ ကစားသမားတွေ အထိုင်မကျသေးတာကိုတွေ့ရမှာပါ။ ချဲလ်ဆီးအသင်းဟာ ပြီးခဲ့တဲ့နွေရာသီ အပြောင်းအရွှေ့ကာလမှာ စတားလင်း၊ အူဘာမီယန်၊ ကူလီဘာလေ၊ ကူကူရယ်လာ၊ ဖိုဖန်နာ၊ ဆာကာရီယာတို့လို ခြေစွမ်းပြကစားသမားတွေ ခေါ်ယူခဲ့ပေမဲ့ ပုံစံကောင်းပျောက်ဆုံးခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၀) ထိရောက်ရှိခဲ့သလို ကွာရာဘောင်းဖလားမှာလဲ ပြိုင်ပွဲကထွက်ခွာခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကျန်ရှိနေပေမဲ့ အသင်းကြီးနဲ့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ရလဒ်ကောင်းဖို့မလွယ်ပါဘူး။ သူတို့အသင်းဟာ အက်ဖ်အေဖလားသမိုင်းမှာတော့ ၁၆ ကြိမ်ဗိုလ်လုပွဲရောက်ရှိခဲ့ပြီး ဆုဖလား ရှစ်ကြိမ်ရရှိခဲ့ပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ ခက်ခဲမှာပါ။ အခုပွဲစဉ်မှာလဲ မန်စီးတီးလို တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းကို ဖိုဖန်နာ၊ ရီစီဂျိမ်း၊ ဘန်ချီဝဲလ်၊ ကန်တီ၊ မန်ဒီတို့ ဒဏ်ရာကြောင့်မပါနိုင်တဲ့ခံစစ်က မန်စီးတီးအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်လို့ မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။


**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၂ | ဘရန့်ဖို့ဒ် |
| မန်စီးတီး | ၂ | - | ၀ | ဂီရိုနာ |
| မန်စီးတီး | ၃ | - | ၂ | လီဗာပူး |
| လိဒ် | ၁ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၁ | အဲဗာတန် |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၀ | ချဲလ်ဆီး |
| နယူးကာဆယ် | ၁ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၁ | အေဗီလာ |
| ချဲလ်ဆီး | ၂ | - | ၀ | ဘုန်းမောက် |
| နော်တင်ဟမ် | ၁ | - | ၁ | ချဲလ်ဆီး |

# နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ကျားဝမ် ထေရဝါဒ သာသနာပြုကျောင်း သိမ်အလှူတော်



နန်းယွန်းမြို့နယ် ကျားဝမ်ကျေးရွာ ထေရဝါဒဗုဒ္ဓ သာသနာပြုကျောင်း သိလဝိသောဓနီ သိမ်တော်မြတ်

**ကျိုးကြောင်းဖော်ပြချက်။** နန်းယွန်းမြို့နယ် ကျားဝမ်ထေရဝါဒသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တတေဇောဘာသသည် မိမိအလှူငွေဖြင့် သိမ်တည်ဆောက်ခဲ့ရာ ငွေကြေးမပြည့်စုံသဖြင့် အဖြူထည်အဆင့်သာ ပြီးခဲ့ပါသည်။ သိမ်အစအဆုံးပြီးရန် သိန်း ၅၀ ကျပ် ထပ်မံလိုနေသဖြင့် ဒေသမှ အလှူခံမရနိုင်သောကြောင့် အလှူရှင်များမှ သိမ်အလှူရှင်အဖြစ် ခံယူနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အဆောက်အဦး** -အုတ်ကျောင်း

**အဆောက်အဦးအရွယ်အစား** -၂၇'×၁၈'

**အလှူငွေ** -သိန်း ၅၀၊ (မိမိအလှူရှင်ကမွည်းထိုးပေးပါမည်)

**ရေစက်ချနိုင်မှု** -သွားရောက်ရေစက်ချရန် အဆင်ပြေသောဒေသ

**လှူဒါန်းရန်ဌာန** -ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဇမဟာရဋ္ဌဂုရု)

ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၊ တောင်စလင်းတိုက်သစ်၊ ၆၂လမ်း၊ ၃၂×၃၃ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉

---


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


---

# ပြည်ကုန်စည်ဒိုင်ဈေးကွက်တွင် ဗိုလ်ကီတိပ်ပဲ၊ ထောပတ်ပဲနှင့် ပဲပုပ်သီးနှံများ ယခင်နှစ်ကထက် ဈေးကောင်းပိုမိုရရှိနေ



**ပဲခူး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီးရှိ ပြည်ကုန်စည်ဒိုင်ဈေးကွက်တွင် ဗိုလ်ကီတိပ်ပဲ၊ ထောပတ်ပဲနှင့် ပဲပုပ်သီးနှံများမှာ ယခင်နှစ်ကထက် ဈေးကောင်း ပိုမိုရရှိနေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန သတင်းများအရ သိရသည်။

ယခုအခါ ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးကွက်တွင် ပြည်တွင်း၌ ဝယ်လက်ရှိနေသော ပဲများသာမက၊ ပြည်ပကဝယ်လက်ရှိသော ပဲများပါ နေ့စဉ် ပုံမှန်ရောင်းဝယ်နေပြီး ဒေသတွင်း လက်လီ၊ လက်ကား ဈေးကွက်များဖြင့် အရောင်းအဝယ်ဖြစ်နေသည့် ဗိုလ်ကီတိပ်ပဲ၊ ပဲလွမ်းဖြူ၊ ထောပတ်ပဲ၊ ပဲနီပြား၊ ပဲပုပ်များ အနက်မှ ဗိုလ်ကီတိပ်၊ ပဲလွမ်းဖြူ၊ ထောပတ်ပဲနှင့် ပဲပုပ်သစ်များမှလည်း ကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ တစ်နေ့လျှင် အိတ်ရေ ၅၀ မှ ၁၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ပြည်ကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာနေသည့် ပဲများ၏ ဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၅ ရက် သတင်းများအရ ဗိုလ်ကီတိပ်ပဲတစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀၊ ထောပတ်ပဲတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ပြည်ကုန်စည်ဒိုင်ဈေးကွက်တွင် ယခင်နှစ်က ဗိုလ်ကီတိပ်ပဲတစ်တင်းလျှင် ငွေကျပ် ၃၂၅၀၀၊ ထောပတ်ပဲတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ကျော်သာရရှိခဲ့ပြီး ပဲပုပ်တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ သာရရှိခဲ့သောကြောင့် ယခုအခါ ပြည်ကုန်စည်ဒိုင် ဈေးကွက်တွင် ဗိုလ်ကီတိပ်ပဲ၊ ထောပတ်ပဲနှင့်ပဲပုပ်များ ယခင်နှစ်ဈေးထက် ဈေးကောင်း ပိုမိုရရှိနေကြောင်း သိရသည်။

ဗိုလ်ကီတိပ်ပဲ၊ ထောပတ်ပဲနှင့် ပဲပုပ်များမှာ ပြည်တွင်းဈေးကွက်များကိုသာ အဓိကအားထားလုပ်ရှားနေရသည့် ပဲအမျိုးအစားများဖြစ်သော်လည်း ပြည်ပတင်ပို့မှုလည်း ရှိနေကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ထိ ဗိုလ်ကီတိပ်ပဲ တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၈၃ သန်း၊ ထောပတ်ပဲတင်ပို့ရောင်းချပေးမှုမှ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၅၅၁ သန်းနှင့် ပဲပုပ်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၅ သန်း နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

**ချမ်းချမ်း**

# ဆိပ်ဖြူမြို့နယ် ဂွေးပင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးပင်ချောင်းကျေးရွာအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဂွေးပင်ချောင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၂၀၀၀၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။


ထို့နောက် ဆိပ်ဖြူမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဂွေးပင်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၂၉၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၉၆၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၉၁၀၀၀၀၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ၅၀၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၂၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း ၀၉ ၆၉၁၂၃၁၆၃၉

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား . . .




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ မင်္ဂလာဘုံကျော်တိုက်၊ ချမ်းမြေ့ရတနာကျောင်း၊ ပဓာန နာယကဆရာတော်

**ဘဒ္ဒန္တ ကေသဝ**

**(သာသနဟိတရေ၊မလွန်ဆန်လှူအသင်းဓမ္မကထိက၊မဟာစည်နယ်လှည့်ဓမ္မကထိက)**

ဆရာတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)၊ ၁၃၈၄-ခုနှစ်၊ ပြာသိုလဆန်း(၁၄)ရက်၊ ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်ဖြင့် **"မဟာသဒ္ဓမ္မဇောတိက"** သာသနာပြုဘွဲ့ ဆက်ကပ်လှူဒါန်းမှုကို ခံယူရရှိသည့်အတွက် မြန်နန္ဒာဝန်ထမ်းဓမ္မာရုံ ဂေါပကနှင့်တကွ ဝန်ထမ်းမိသားစုများမှ ဂုဏ်ယူဝမ်းမြောက်ပါသည်ဘုရား။ ဆရာတော် သက်တော်ရာကျော်ရှည်ပါစေ။

**ဂေါပကအဖွဲ့**
**မြန်နန္ဒာဝန်ထမ်းဓမ္မာရုံ**
**အကွက်(၉၀၂/တ)ချမ်း/တောင်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး သူနာပြုသင်တန်းကျောင်း သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်း၊ ပထမနှစ်တွင် တက်ရောက်နေသော မသန္တာလှိုင်း ၏ဖခင် ဦးအောင်ခိုင်ဦး(၅/ကဘလ(နိုင်)၀၁၆၈၅၈) နှင့် ဦးအောင်ခိုင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်ခိုင်ဦး (ခ) ဦးအောင်ခိုင်**

## မွေးသက္ကရာဇ်အမှန်

မန္တလေး သူနာပြုသင်တန်းကျောင်း သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်း၊ ပထမနှစ်တွင် တက်ရောက်နေသော မသန္တာလှိုင်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၇-၂၀၀၃ ဖြစ်ပါကြောင်း။ **၅-၇-၂၀၀၃**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ၊ ရိပ်ခိုနားနေ အပန်းပြေ၏**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ် (၂-က)၊ ဧရိယာ(၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ ဧရိယာ(၁. ၆၀၈)ဧရိယာအကျယ်အဝန်းရှိ ဂရန်မြေကွက်ပေါ်တွင် Mandalay Garden City Co.,Ltd အမည်ဖြင့် မြေငှားဂရန်စာချုပ်အမှတ် (၁၂၃၁၃၂)ကို တရားဝင်ရရှိထားသည့် တိုက်အမှတ်(၁၆)၊ ၇ လွှာ၊ အခန်းအမှတ်(၅)၊ (၆၀၅)စတုရန်းပေ တိုက်ခန်းကို အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိသူ ဦးမျိုးစည်သူမောင် (ဘ) ဦးကိုကို (၉/အမရ(နိုင်)၁၀၇၈၇၁)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများ၊ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အကျွန်ုပ်၏ တရားဝင်ပိုင်ဆိုင်ခွင့် အပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**မမြင့်နိုင် (ခ) မမြင့်မြင့်မိုး**
**(ဘ) ဦးမောင်စိန် (ခ) ဟုန်ဝင်**
**(၉/မမန(နိုင်)၀၃၇၁၃၀)**
**၀၉-၅၀၀၉၅၉၃**

## အမည်ပြောင်း

ဦးမင်းဇော်(၅/ရဘန(နိုင်)၀၃၀၄၈၀)-ဒေါ်စုစုဝင်း(၅/ရဘန(နိုင်)၁၂၈၅၅၃) တို့၏သမီး၊ ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စမတန်း မှ မမေလမင်းခ အား မမေသော်တာကို ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မမေသော်တာကို**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ တပင်ရွှေထီးရပ်ကွက်နေ ဦးခင်မောင်မောင်+ဒေါ်တင်တင်ဝင်းတို့၏သား မောင်နေလင်းစိုး(၉/အမရ(နိုင်)၁၇၆၅၃၅) သည် ၂၇-၁၂-၂၀၂၂ရက်နေ့တွင် မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်မောင်(၉/အမရ(နိုင်)၀၄၃၉၈၇၉)**
**ဒေါ်တင်တင်ဝင်း(၉/အမရ(နိုင်)၀၃၅၃၇၂)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

❖ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲခြောက်လှန့်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အကျဉ်းထောင်တွင် အကျဉ်းသား၊ အချုပ်သားများ ဆူပူအကြမ်းဖက်မှုဖြစ်ပွား

စာမျက်နှာ - ၂၂

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို ဖိတ်တိုင်းကျွမ်းကျင်ရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com